ကြေးမုံ The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-4-2005)(၄၅၇၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Hotel Mulia ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

☆ ယခုအခါ မိမိတို့ မနားမနေကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းသားများ၏ ယုံကြည်မှု၊ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့၊

☆ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ အစည်းအဝေး နှစ်ရပ်၏ ရလဒ်များကို များစွာ နှစ်ထောင်းအားရဖြစ်မိ၊

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အောင်မြင်စွာဆောင်ရွက်လိုသည့် အများဆန္ဒသည် သိသာထင်ရှားလာ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

❒ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြင်းကို သဘောမတူ၊

❒ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်မှာလည်း မပြောင်းလဲ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်၊

❒ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် မိမိအခက်အခဲကို ဖြေရှင်းနိုင်လိမ့်မည်ဟုယုံကြည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်



ခေတ်အဆက်ဆက် ပြုစုပျိုးထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုအစွန့်ရှည်စေရန်ဆန္ဒရှိ နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ်ရပ်တည်ခဲ့သည့်အတွက် အထူးကျေးဇူးတင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်တွင်းအေးချမ်းမှုရရှိရေး ကြိုးပမ်းနေသည်ကို တရုတ်အစိုးရနှင့်ပြည်သူများက ထောက်ခံ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနှင့်ကိုက်ညီသောစနစ်ကို ရွေးချယ်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု မိမိတို့ခံယူ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဧပြီ ၂၃ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Hotel Mulia ရှိ Ballroom(3) ၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၄-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ ဒေသနှစ်ခု၏ သွေးစည်းညီညွတ်မှု ပိုမိုရှင်သန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့၌ ဧပြီလ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ အာရှ- အာဖရိကနှင့် အခြားနိုင်ငံ စုစုပေါင်း ၁၀၅ နိုင်ငံမှ နိုင်ငံအကြီးအကဲ/အစိုးရအဖွဲ့အကြီးအကဲ ၄၁ ဦး၊ ဒုတိယသမ္မတ ခြောက်ဦး၊ အထူးကိုယ်စားလှယ် ၅၈ ဦးနှင့် အဖွဲ့အစည်း ၁၈ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

၂၀၀၅ ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ ဂျကာတာကွန်ဗင်းရှင်းစင်တာတွင် ဧပြီလ ၂၂ ရက်နေ့က ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင် **"ကျွန်တော်တို့ဟာ လျင်မြန်စွာ ပြောင်းလဲနေတဲ့ ခေတ်ကြီးထဲမှာ နေထိုင်ကြသူများဖြစ်ပါတယ်။ မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့အတော်များများမှာ ကြီးမားတဲ့ပြောင်းလဲဖြစ်ပေါ်တာတွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာများရဲ့ ရှုပ်ထွေးတဲ့ သဘောသဘာဝများနှင့် ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ အမြင်ကျယ်ရပါမယ်။ ခွဲရှိဖို့လိုအပ်ပါတယ်။ ဒီထိပ်သီးညီလာခံမှာ အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ သဘောတူညီခဲ့တဲ့ မဟာဗျူဟာ မိတ်ဖက်သစ်ဟာ ဒေသနှစ်ခုရဲ့သွေးစည်းညီညွတ်မှုကို ရှင်သန်စေတဲ့ ထိရောက်တဲ့နည်းလမ်းဖြစ်လာမှာ ဖြစ်ပါတယ်"**ဟူ၍ ပြောကြားသွားသည်။

၂၀၀၅ ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံတွင် ၂၀၀၅ ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံ၏ ရလဒ်၊ အာရှ-အာဖရိကမဟာဗျူဟာ မိတ်ဖက်သစ်ကြေညာချက်နှင့် ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ ကြေညာချက်တို့ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြသည်။

အာရှ-အာဖရိကညီလာခံကို ၁၉၅၅ခုနှစ် ဧပြီလ ၁၈ရက်မှ ၂၄ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင်စတင်ကျင်းပခဲ့ရာ ယခုအခါ နှစ် ၅၀ ပြည့်မြောက်၍ ရွှေရတုကာလသို့ ရောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ညီလာခံကို ကိုလံဘိုငါးနိုင်ငံဖြစ်သည့် မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် ပါကစ္စတန်တို့က ကမကထပြု ကျင်းပခဲ့ပြီး မြန်မာအပါအဝင် အာရှ၊ အာဖရိက ၂၉ နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

၁၉၅၅ ခုနှစ် အာရှ-အာဖရိကညီလာခံ(ဘန်ဒေါင်းညီလာခံ)က အခြေခံမူ (၁၀)ချက်ကို ချမှတ်ခဲ့ရာ အဆိုပါအခြေခံမူများသည် ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးအတွက် အစဉ်တန်ဖိုးထားရမည့် မူကြီးအဖြစ် သမိုင်းဝင်နေမည်ဖြစ်သကဲ့သို့ အစဉ်စောင့်ထိန်းလိုက်နာသွားကြရမည့် မူများလည်း ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၂၄ ရက်နေ့က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပသည့် အာရှ-အာဖရိကကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ/အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ပြီး Savoy Homann Hotel မှ ရွှေရတုအခမ်းအနားကျင်းပသည့် မာဒေးကား အဆောက်အအုံသို့ အာရှ-အာဖရိကလမ်းအတိုင်း သမိုင်းဝင်လမ်းလျှောက်ခဲ့ကြသည်။

အာရှ-အာဖရိကကွန်ဖရင့် အထိမ်းအမှတ်ရွှေရတုအခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုယိုနိုက အဖွင့်မိန့်ခွန်းပြောကြားပြီး အာဖရိကနိုင်ငံများကိုယ်စား နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သမ္မတ ကလည်းကောင်း၊အာရှနိုင်ငံများကိုယ်စား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ကလည်းကောင်း၊ အခြားဖိတ်ကြားထားသည့်နိုင်ငံများကိုယ်စားထရင်နင်ဒက်နှင့် တိုဘာကိုနိုင်ငံသမ္မတကလည်းကောင်း မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် အာရှ-အာဖရိကထိပ်သီးညီလာခံကြေညာချက်ကို အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့် တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတတို့က အပြီးသတ် လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့ဖြစ်ရာ ၂၀၀၅ ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့် ညီလာခံက ချမှတ်သဘောတူညီခဲ့ကြသည့် အာရှ-အာဖရိကမဟာဗျူဟာ မိတ်ဖက်သစ်ကြေညာချက်သည် အာရှနှင့်အာဖရိက ဒေသနှစ်ခု၏ သွေးစည်းညီညွတ်မှုကို ပိုမိုရှင်သန်စေပြီး တိုက်ကြီးနှစ်ခုအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိမ်တော်ရာစေတီတော် ရွှေမျက်ပါးကပ်လှူနိုင်

ရန်ကုန် ဧပြီ ၂၆

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ ခေါင်းလောင်းတော် ရွှေမျက်ပါး ပြန်လည်ကပ်လှူခြင်းလုပ်ငန်းကို ယနေ့မှစတင်၍ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ရွှေမျက်ပါး ရှစ်လက်မပတ်လည် တစ်ချပ်လျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုယ်တိုင်တက်ရောက်ကပ်လှူလိုသော အမျိုးသားများအတွက်လည်း သီးခြားစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ ခုနှစ် ဧပြီလ ၂၇ရက်နေ့တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဗာ၊ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ အမျိုးသားနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ ခုနှစ် ဧပြီလ ၂၇ရက်နေ့တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗု(ခ်)၊ ဒရာစကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မိုင်းဖြတ်မြို့ ပြန်/ဆက်ရုံး ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မိုင်းဖြတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကျောင်းလွှတ်ပူဇာနှင့် သီတဂူဓမ္မသဘင်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် စိန်ရတုကျောင်း စတုတ္ထထပ် အလှူရှင် မော်လမြိုင်ကျွန်းမြို့ ၁၄လမ်း အမှတ် ၄၆နေ မိဘမေတ္တာဆန်စက်နှင့် နန္ဒဝန်ဆန်စက်ပိုင်ရှင် ဦးမောင်လှ-ဒေါ်ရွှေစိန်၊ ဒေါ်မြလွင်နှင့် သားသမီးများ၏ စုပေါင်းဒါနရေစက်ချ မင်္ဂလာကို ဧပြီ ၂၇ရက်တွင် အထက်ပါကျောင်းတိုက်၌ ကျင်းပပြီး ယင်းနေ့ည ၇နာရီတွင် သီတဂူဆရာတော်ကြီးက ကျောင်းလွှတ်ပူဇာ အနုမောဒနာတရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဂုဏပူဇာမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် ပဓာနနာယက စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဇနက အား ဂုဏပူဇာမင်္ဂလာအခမ်းအနားကို ဧပြီ ၂၄ရက် မွန်းလွဲ၁နာရီတွင် သံဃာညီမူရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ပဏ္ဍဝံသ (အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် (ကျွန်းကုန်း၊ ဝါးခယ်မ)ဆရာတော်ထံမှ ငါးပါးသီလ ခံယူပြီး သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က အပူဇော်ခံဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အပူဇော်ခံဆရာတော် ဘဒ္ဒန္တဇနက၏ အတ္ထုပ္ပတ္တိကို မြေလတ်မင်းလွင်က ဖတ်ကြားပူဇော်၍ အပူဇော်ခံဆရာတော် ဘဒ္ဒန္တဇနက က အနုမောဒနာတရား မြွက်ကြားတော်မူပြီး ရေစက်သွန်းချ အမျှပေးဝေသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မိုင်းဖြတ်၊ တာလေနှင့် တာချီလိတ်မြို့ရှိ ဌာနဆိုင်ရာလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းသူတို့ လိုက်ပါလျက် မိုင်းယောင်းမြို့မှ ဧပြီ ၂၃ရက် နံနက်ပိုင်းတွင်ထွက်ခွာပြီး မိုင်းဖြတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

၎င်းမှ ဆက်လက်ထွက်ခွာလာရာ တာလေမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကံညွန့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ရည်မှန်းချက် အောင်မြင်အောင် အဆင့်ဆင့်ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားကာ ဒေသခံလူထုရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်သွားကြရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာလေမြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် တာချီလိတ်မြို့သို့ရောက်ရှိပြီး တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ဆက်လက်၍ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဘန်ဒေါင်းညီလာခံကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ချီးကျူး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခြေခံမှုများ အတည်ပြုခဲ့

ဂျကာတာ ဧပြီ ၂၅

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ၁၉၅၅ ခုနှစ်က ကျင်းပခဲ့သော ဘန်ဒေါင်းကွန်ဖရင့် အစည်းအဝေးသည် ကမ္ဘာ့သမိုင်းကို ပြောင်းလဲစေခဲ့သော မှတ်တိုင်တစ်ခုပင်ဖြစ်သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဧပြီ ၂၂ ရက်တွင် အမှမ်းတင်ချီးကျူးစကား ပြောကြားသွားသည်။

လွန်ခဲ့သော နှစ် ၅၀ အချိန်က အာရှနှင့် အာဖရိကတိုက်ကြီး နှစ်ခုမှ နိုင်ငံပေါင်း ၂၉ နိုင်ငံတို့သည် ဘန်ဒေါင်းတွင် စုစည်းကြပြီး ကိုလိုနီဝါဒကို တိုက်ဖျက်ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုကွန်ဖရင့်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း သွေးစည်းညီညွတ်ရေး၊ မိတ်ဆွေရင်းချာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို ဖော်ဆောင်သော ဘန်ဒေါင်းမူ ၁၀ ချက်ကို အတည်ပြုနိုင်ခဲ့ကြသည်။

ကျော်လွှား

အာရှ-အာဖရိက နိုင်ငံများသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများနှင့် ကုလသမဂ္ဂ ပဋိညာဉ်ပါ မူကြီးများနှင့်အညီ ပူးတွဲလက်ခံပြီး ဘန်ဒေါင်း သဘောတူညီချက်ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြင့် စစ်အေးကာလ အကျပ်အတည်းများကို ကျော်လွှားနိုင်ခဲ့ကြသည်။

ထိုညီလာခံကြောင့်သာ ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဝင်ဆံ့လာခဲ့ကြရသည်။ နေရာပေး အသိအမှတ်ပြုခံလာရခြင်း ဖြစ်သည်ဟု အာရှ-အာဖရိက ထိပ်သီး ညီလာခံဖွင့်ပွဲမိန့်ခွန်းပြောကြားရာ၌ ကိုဖီအာနန်က ထည့်သွင်းပြောကြားခဲ့သည်။

ယခုညီလာခံတွင် မိမိစကားပြောခွင့်ရသည့်အတွက် ဂုဏ်ယူမှုဖြစ်ရသည့်နည်းတူ စိတ်လှုပ်ရှားမှုလည်း ဖြစ်ရပါသည်။ ဘန်ဒေါင်းညီလာခံ စတင်စဉ်အချိန်အခါက မိမိသည် ကလေးငယ်အရွယ်မျှသာ ရှိပါသေးသည်။ ထိုစဉ်အခါက အာဖရိကမှ ကိုလိုနီစိုးမိုးသူများကို မိမိတို့ အာဖရိကမှ ခေါင်းဆောင်များက တွန်းလှန်နေကြချိန်ဖြစ်သည်။ ၎င်းခေါင်းဆောင်များသည် ကိုလိုနီဆန့်ကျင်ရေး တိုက်ပွဲကိုဆင်နွှဲရာ၌ ဘန်ဒေါင်းသို့လာရောက်ကာ အာရှမှ လုပ်ဖော်ကိုင်ဖက် ခေါင်းဆောင်များနှင့် လက်တွဲ၍ ကိုလိုနီဆန့်ကျင်ရေး တိုက်ပွဲဝင်နိုင်ခဲ့ကြသည်။ ဘန်ဒေါင်းကြေညာချက်ကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြသည်ဟု အာနန်က တစ်ဆက်တည်း ထည့်သွင်းပြောကြားသွားသည်။

ဘန်ဒေါင်း စိတ်ဓာတ်

ထိုဘန်ဒေါင်း ညီလာခံကြောင့်ပင် ဘက်မလိုက်လှုပ်ရှားမှု မွေးဖွားလာခဲ့ပြီး ဂျီ-၇၇ နိုင်ငံများအုပ်စုလည်း စုစုစည်းစည်း ထွက်ပေါ်လာခဲ့သည်။ ထို့အပြင် လွတ်လပ်သော နိုင်ငံသစ်များ ပေါ်ထွက်လာခဲ့ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ပါဝင်လာနိုင်ကြသည့်အဆင့်သို့ တက်လှမ်းခဲ့ကြကာ ဘန်ဒေါင်း စိတ်ဓာတ်ကြောင့် ကုလသမဂ္ဂ၏အသွင်ကိုပင် ပြောင်းပစ်နိုင်ခဲ့ကြသည်ဟု ၎င်းကဆိုသည်။

တက်ရောက်

ယခုကျင်းပသည့် ဘန်ဒေါင်းညီလာခံတွင် နိုင်ငံခေါင်းဆောင် ၅၀ ကျော်၊ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များစွာနှင့် အဖွဲ့အစည်းများစွာတို့မှ အစည်းအဝေး တက်ရောက်သူများနှင့်အတူ အတွင်းရေးမှူးချုပ် အာနန်သည်လည်း အစည်းအဝေးတက်ရောက်သူအဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီ မိုင်းတွင်းပေါက်ကွဲ ၁၇ ဦး အသက်ဆုံးရှုံး

အင်ကာရာ ဧပြီ ၂၄

ဧပြီ ၂၂ ရက်က တူရကီနိုင်ငံရှိ မိုင်းတွင်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားသည့်အတွက် မိုင်းလုပ်သား ၁၇ ဦးတို့ အသက်ဆုံးရှုံးသွားကြရကြောင်း အင်နာတိုလီယာသတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ဓာတ်သတ္တုမိုင်းအတွင်း၌ မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်လာရာမှ ပေါက်ကွဲမှု စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ထိုမိုင်းတွင်းသည် တူရကီနိုင်ငံအနောက်ဘက် ကူတာယာမြို့ ဂါဒစ်မြို့ငယ်ရှိ ဂေါက်ကလာကျေးရွာတွင် တည်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားစဉ် မိုင်းတွင်းပြိုပြီး လုပ်သား ၁၇ ဦး ပိတ်မိသွားကာ အသက်ဆုံးရှုံးကြရခြင်းဖြစ်သည်။ အခင်းဖြစ်ပွားပြီးချိန် အစောပိုင်းက မိုင်းလုပ်သားနှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြသေးသည်။

မိုင်းတွင်း ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းအစုံအလင်ကို သိရှိရန် လေ့လာစုံစမ်းနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှာဖွေစစ်ဆေး

မိုဆူးလ်မြို့ စစ်ဆေးရေးဂိတ်တစ်နေရာတွင် အမေရိကန်တပ်ဖွဲ့က အီရတ်ပြည်သူတစ်ဦးအား ရှာဖွေစစ်ဆေးနေသည်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ဘတ်ဂျက်လိုငွေကြီးမားဆိုးရွား အချိန်မီမကုစားလျှင် စီးပွားရေးထိခိုက်နိုင်ကြောင်း သတိပေး

ဝါရှင်တန် ဧပြီ ၂၅

အမေရိကန်အစိုးရ၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုငွေပြနေသော အခြေအနေသည် ဆက်လက်ကြီးထွားနေသည်ဖြစ်ရာ ထိုအခြေအနေကြောင့် နိုင်ငံ၏စီးပွားရေးကို ရေရှည်တွင် ထိခိုက်လာနိုင်သည့် အန္တရာယ်ရှိနေသည်ဟု အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ အယ်လင်ဂရင်းစပင်က ဧပြီ ၂၁ ရက်တွင် သတိပေးစကားပြောကြားခဲ့သည်။

ဘတ်ဂျက်လိုငွေကွာဟမှု ကြီးမားနေသည့်အဖြစ်ကို မူဝါဒချမှတ်သူများ အနေဖြင့် အချိန်မနှောင်းမီ ကြိုတင်တားဆီးရန် မြန်ဆန်စွာ အရေးယူဆောင်ရွက်သွားသင့်ကြောင်း ဂရင်းစပင်က တစ်ဆက်တည်းအကြံပြုသွားသည်။ အနာဂတ်ကာလများတွင်ပါ ဘတ်ဂျက် လိုငွေပြမှု ဆက်လက်တည်ရှိနေမည်ဆိုပါက နိုင်ငံ၏စီးပွားရေးကို တန့်နေစေမည် သို့မဟုတ် အခြေအနေဆိုးရွားသွားစေနိုင်သည်ဟု ၎င်းကဆိုသည်။ အဆိုပါစကားများကို ဆီးနိတ်ဘတ်ဂျက် ကော်မတီသို့ တင်ပြမည့် ၎င်း၏ အစီရင်ခံချက်တွင် ထည့်သွင်းထားသည်။

သုံးသပ်တင်ပြ

ဆက်လက်ဖြစ်ပေါ်နေသောလိုငွေပြမှုကြီးမားသည့်အခြေအနေက တွန်းပို့သည့်အတွက် လာမည့်နှစ်များတွင် အမေရိကန်ဘဏ်အတိုးနှုန်းများ မြင့်တက်သွားစရာရှိသည်။ ထိုသို့ဘဏ်တိုးနှုန်းများ မြင့်တက်သွားသည့်အတွက် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ငွေကြေးကျပ်တည်းသွားပြီး ဝယ်ယူသုံးစွဲလိုမှုနှင့် ရင်းနှီးမြှုပ်နှံလိုမှုများကို သွား၍ ဝန်ပိစေမည်ဖြစ်သည်။ အမှန်ဆိုလျှင် ပြည်သူများ၏ ဝယ်ယူစားသုံးမှုနှင့် စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးလိုမှုဟူသော အချက်နှစ်ရပ်သည် တိုင်းပြည်၏ စီးပွားရေးကို လှုပ်ရှားစေသော အရေးပါသည့် အင်အားများပင်ဖြစ်ကြောင်း ဂရင်းစပင်က သုံးသပ်တင်ပြထားသည်။

ဒုတိယကမ္ဘာစစ် ပြီးစအချိန်က အမေရိကန်တွင် မွေးဖွားမှုနှုန်း အလွန်မြင့်တက်ခဲ့သည်။ ထိုစဉ်က မွေးဖွားလာသော ကလေးငယ်အများစုသည် ယခုလာမည့် ၂၀၀၈ ခုနှစ်တွင် အငြိမ်းစားယူကြမည့် အသက်အရွယ်သို့ ရောက်ကြတော့မည် ဖြစ်သည်။ ယင်းအုပ်စု အငြိမ်းစားယူချိန်တွင် အစိုးရဘတ်ဂျက် အငြိမ်းစားရန်ပုံငွေမှ ကြီးစွာသော ဘတ်ဂျက်သုံးစွဲငွေကို ကျခံသုံးစွဲလာရမည်ဖြစ်သည်။ ဤအခြေအနေကလည်း ဘတ်ဂျက်လိုငွေပြနေသည့်အဖြစ်ကို ဘူးလေးရာဖရုံဆင့်သည့်အဖြစ်မျိုးနှင့် ကြုံကြစေရမည်ဖြစ်သည်။

လွန်ခဲ့သော ၂၀၀၄ ခုနှစ်က အခြေအနေကိုကြည့်လျှင် အငြိမ်းစားယူသူ၊ လူမှုဝန်ထမ်း အထောက်အပံ့ ရယူသူများအဖို့ ကျခံရသော ဖူလုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု စသည်များအတွက် အသုံးစရိတ်မှ နိုင်ငံ ဂျီဒီပီ၏ ရှစ်ရာခိုင်နှုန်းပင်ရှိသည်အထိ ကြီးမားနေသည်။ ထိုအခြေအနေများကြောင့် ရေရှည်ကာလ ၂၀၃၀ ပြည့်နှစ် အရောက်တွင် အထက်ပါလုပ်ငန်းများအတွက် သုံးစွဲရမည့်စရိတ်သည် အမေရိကန်ဂျီဒီပီ၏ ၁၃ ရာခိုင်နှုန်း အချိုးအစားအထိ ကြီးမားလာနိုင်၍ ဘတ်ဂျက်လိုငွေ အခြေအနေကို သာ၍ပင် ဆိုးရွားသွားစေနိုင်ကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆိုးကျိုးသက်ရောက်စေနိုင်ကြောင်း ကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂရင်းစပင်က သတိပေးစကား ဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန် ကင်းလှည့်ယာဉ်အား ပစ်မှတ်ထား၍ ဗုံးတစ်လုံး သောကြာနေ့က ဖောက်ခွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမှတ်(၁)တောင်ပိုင်း စစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးနှင့် စပ်လျဉ်းသည့် ကင်းလှည့်ရေးတာဝန်ထမ်းဆောင်နေစဉ် ၎င်းတို့စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်အနီး အိမ်လုပ်ဗုံးတစ်လုံးပေါက်ကွဲရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဧပြီ ၂၂ ရက်က ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုသည် အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ မိုဆူးလ်မြို့ အနောက်ဘက် ကီလိုမီတာ ၈၀ အကွာ တယ်လ်အဖာမြို့တွင် သောကြာနေ့ နံနက် ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ ကျော် အီရတ်နိုင်ငံတွင် သေဆုံးခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပင်လယ်ကမ်းခြေမြို့များ စီးပွားရေးတိုးတက်နှုန်း ကောင်းမွန်

ပေကျင်း ဧပြီ ၂၅

ပြည်ပနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှုမြှင့်တင်ရန် တရုတ်နိုင်ငံက လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုတွင် ရွေးချယ်ခဲ့သော ပင်လယ်ကမ်းခြေမြို့ ၁၅ မြို့သည် ယမန်နှစ်က နိုင်ငံ၏ဂျီဒီပီ ၂၁ ဒသမ ၄ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း အမျိုးသားစာရင်းအင်း ဗျူရိုက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ဖြည့်ဆည်းပေး

ဗျူရိုကထုတ်ပြန်သော စာရင်းများအရ ပင်လယ်ကမ်းခြေမြို့ ၁၅ မြို့၏ လူဦးရေသည် နိုင်ငံလူဦးရေ စုစုပေါင်း၏ ၇ ဒသမ ၄ ရာခိုင်နှုန်းမျှသာ ရှိကြောင်း၊ ဂျီဒီပီအနေဖြင့် အမေရိကန် ဒေါ်လာ ၃၅၆ ဒသမ ၆ ဘီလီယံ ဖြည့်ဆည်းပေးခဲ့ပြီး ၂၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယင်းမြို့ ၁၅ မြို့တွင် ရှန်ဟိုင်း၊ကွမ်ကျိုး၊ တီယင်ကျင်း၊ ချင်တောင်၊ နင်ပိုနှင့် တလျံမြို့တို့လည်း ပါဝင်သည်။ ၂၀၀၄ ခုနှစ်တွင် ပျမ်းမျှနှစ်စဉ် စီးပွားရေးတိုးတက်နှုန်းမှာ ၁၅ ရာခိုင်နှုန်းရှိခဲ့သည်။ တစ်ဦးချင်း ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၃၇၅၀ သို့ မြင့်တက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင် ဧပြီ ၂၂ ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သူ သားငယ်ကို ဆေးရုံပို့ရန် ပြင်ဆင်နေသော ဖခင်နှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



နိုင်ဂျီးရီးယားနိုင်ငံက အိမ်နီးချင်းနိုင်ငံများသို့ လာမည့်နှစ်တွင် ဓာတ်ငွေ့ဖြည့်ဆည်းပေးမည်

အဘူဂျာ ဧပြီ ၂၄

နိုင်ဂျီးရီးယားနိုင်ငံသည် ၎င်း၏အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘီနင်၊ တိုဂိုနှင့် ဂါနာနိုင်ငံတို့သို့ သဘာဝဓာတ်ငွေ့များ ဖြည့်ဆည်းပေးမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင် အထည်ဖော်မည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။ အနောက်အာဖရိက ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း (ဒဗလျူအေဂျီပီပီ) ဆောင်ရွက်မှုကို ဝန်ကြီးများ ဆွေးနွေးပွဲကော်မရှင်တွင် နိုင်ဂျီးရီးယားနိုင်ငံသမ္မတ အိုလူဆီဂန်အိုဘာဆန်ဂျို၏ ရေနံနှင့် စွမ်းအင်အကြံပေးပုဂ္ဂိုလ်က ရှင်းလင်းပြောကြားခဲ့သည်။ အနောက်အာဖရိက သုံးနိုင်ငံသို့ လျှပ်စစ်ကဏ္ဍအတွက် နိုင်ဂျီးရီးယားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို ဒဗလျူအေဂျီပီပီစီမံကိန်းအရ ဖြည့်ဆည်း ဆောင်ရွက်မည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

☆ ရှေ့ဖုံးမှ

ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်နှင့်အတူ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီမှ Member of The Secretariat မစ္စတာဝန်ဂန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျင်ပင်ကျင်း၊ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘိုရီလိုင်၊ သမ္မတရုံးအကြီးအကဲ မစ္စတာ ချန်ရှီဂျူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဌာန ညွှန်ကြားရေးမှူးချုပ် Mr. Cui Tian Kan နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေမျိုးပေါက်ဖော်

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်က မိမိတို့နှစ်နိုင်ငံသည် ရှေးယခင်ကတည်းကပင် အိမ်နီးချင်းဆွေမျိုးပေါက်ဖော်များဖြစ်ကြကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်နိုင်ငံခေါင်းဆောင်များ ယခုကဲ့သို့ တွေ့ဆုံခွင့်ရပြီး အမြင်များဖလှယ်ခြင်းသည် အလွန်အရေးကြီးကြောင်း ဖြင့် ပြောကြားသည်။

အခွန့်ရှည်စေရန်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆွေးနွေးရာ၌ အဆွေတော်နှင့် ယခုကဲ့သို့ ပြန်လည်တွေ့ဆုံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက်ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ပိုမိုခိုင်မာအခွန့်ရှည်တည်တံ့စေရန် ဆန္ဒရှိပါကြောင်း။

၁၉၇၈ ခုနှစ်ကစပြီး စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဘက်စုံအရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေသည်ကို မိတ်ဆွေဖြစ်သည့် မြန်မာနိုင်ငံက ဝမ်းသာဂုဏ်ယူလျက်ရှိပါကြောင်း။

အထူးကျေးဇူးတင်

အဆွေတော်တို့၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘက်ပေါင်းစုံက အောင်မြင်မှုရရှိနေသည့်အတွက် တရုတ်နိုင်ငံမှ ပြည်သူများနှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား ဂျကာတာမြို့ Hotel Mulia ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိတ်ဆွေရင်းဖြစ်သော တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုများနှင့် နည်းပညာ အကူအညီများ ပေးနေခြင်းအတွက် အထူးကျေးဇူးတင်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဆက်လက် ကူညီပံ့ပိုးပေးသွားမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အသိပေးပြောကြားလို

အဆွေတော်နှင့်ဆုံတွေ့ခိုက် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် အဆင့်(၇)ဆင့်ပါ မူဝါဒလမ်းစဉ်ကို အသိပေး ပြောကြားလိုပါကြောင်း။

ပထမအဆင့်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲရေးအတွက် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ပြန်လည်ကျင်းပလျက်ရှိပါကြောင်း၊ အမျိုးသားညီလာခံ ပြန်လည်ကျင်းပနေခြင်းသည် ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးစုများ

အမျိုးသားညီလာခံသို့ တိုင်းရင်းသားပြည်သူလူထုကိုယ်စားပြု ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ကြပြီး ကိုယ်စားလှယ်များ၏ ၆၀ရာခိုင်နှုန်းကျော်သည် တိုင်းရင်းသားလူမျိုးစုများမှဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားညီလာခံတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့

အမျိုးသားညီလာခံ ပြန်လည်ကျင်းပနေခြင်းသည် ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ကို ဆောင်ရွက်နေခြင်းဖြစ်

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးသည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက ခံယူ

အတူ ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ထို့ပြင် ယခုရာစုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ရှေ့တန်း နိုင်ငံကြီးတစ်နိုင်ငံအဆင့်သို့ တည်ရှိလာနေသည်ကို တွေ့မြင်ရသည့်အတွက်လည်း ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတကာနယ်ပယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

အစဉ်အမြဲထောက်ခံ

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို အစဉ်အမြဲထောက်ခံကျင့်သုံးသွားမှာဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က Anti-Secession Law အတည်ပြုခဲ့ခြင်းကို မိတ်ဆွေဖြစ်သည့် မြန်မာနိုင်ငံက ထောက်ခံကြိုဆိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းကို ဂရုတစိုက်လုပ်ဆောင်ခဲ့ကြပြီး နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် ဆောင်ရွက်လေ့ရှိပါကြောင်း။

၂၀၀၃ခုနှစ်က မိမိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့စဉ်က တရုတ်ခေါင်းဆောင်ကြီးများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်ကို ယခုထက်တိုင် ပြန်ပြောင်းသတိရလျက်ရှိပြီး အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

အဆွေတော်သမ္မတကြီးအနေဖြင့်လည်း ၂၀၀၀ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး ထပ်မံလာရောက်လည်ပတ်ရန်လည်း ဖိတ်ခေါ်ပါကြောင်း။

သံတမန် (၅၅)နှစ်ပြည့်

ယခုနှစ်ဆိုလျှင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်ခဲ့သည်မှာ (၅၅)နှစ်ပြည့်မြောက်တော့မှာဖြစ်ကြောင်း။

၁၇ဖွဲ့နှင့် အဖွဲ့ငယ် ၁၇ဖွဲ့တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များလည်း တက်ရောက်လျက်ရှိပါကြောင်း။

အလွန်လေးနက်သိမ်မွေ့

ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးအားလုံး လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားညီလာခံလုပ်ငန်းစဉ်များသည် အလွန်လေးနက်သိမ်မွေ့သည့် ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးအကြီးဆုံးအချက်သည် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားနှင့် တစ်နိုင်ငံလုံး၏အကျိုးစီးပွားကြား မျှတမှုရှိစေရန်ဖြစ်ပါကြောင်း။

ယခုအခါ မိမိတို့ မနားမနေကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းသားများ၏ ယုံကြည်မှု၊ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ အစည်းအဝေးနှစ်ရပ်၏ ရလဒ်များကို များစွာနှစ်ထောင်းအားရဖြစ်မိပါကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လိုသည့် အများဆန္ဒသည် သိသာထင်ရှားလာပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံတွင် မည်သို့သော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်နိုင်မည်ကို ရှင်းလင်းပြောကြားလိုပါကြောင်း။

ဈေးကွက်စီးပွားရေး

မြန်မာနိုင်ငံသည် ဗဟိုကချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်သို့ ကူးပြောင်းလျက်ရှိရာ ပြောင်းလဲမှုများစွာကို ဆောင်ရွက်ခဲ့ရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ အကျုံးဝင်သည့် ငါးနှစ် စီးပွားရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း။

ယင်းစီမံကိန်း၏ ပထမသုံးနှစ်အတွင်း နှစ်နှစ်ဆက်တိုက် ကုန်သွယ်ရေးပိုငွေပြခဲ့ပါကြောင်း၊ ပြည်ပနိုင်ငံအများစုသည်လည်း စီမံကိန်းလုပ်ငန်းပေါင်းများစွာ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖိတ်ခေါ်ကြိုဆို

မိမိတို့အနေဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍများ တိုးတက်မြင့်မားလာရေးအတွက်လည်း ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ယင်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကြိုဆိုပါကြောင်း၊ (၂၁)ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪

အကျိုးစီးပွားမျှတမှုရှိစေရန် အရေးကြီး

☆ **ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးအားလုံး လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန် လိုအပ်၊**

☆ **အမျိုးသားညီလာခံလုပ်ငန်းစဉ်များသည် အလွန်လေးနက်သိမ်မွေ့သည့်ကိစ္စဖြစ်၊**

☆ **နိုင်ငံတော်အတွက် အရေးအကြီးဆုံးအချက်သည် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားနှင့် တစ်နိုင်ငံလုံး၏အကျိုးစီးပွားကြား မျှတမှုရှိစေရန်ဖြစ်။**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇာ၊ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

✪ စာမျက်နှာ ၄ မှ

ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်းများ မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

အားရကျေနပ်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်က ပြန်လည်ဆွေးနွေးရာ၌ ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ မကြာခဏတွေ့ခွင့်ရပြီး အမြင်ချင်းဖလှယ်ခွင့်ရသဖြင့် လည်းကောင်း၊ နှစ်နိုင်ငံနိုင်ငံရေး၊ စီးပွားရေး ကိစ္စများ၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သဖြင့်လည်းကောင်း အားရကျေနပ်မိပါကြောင်း။

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက One China Policy ကို ကျင့်သုံးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ရပ်တည်ခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မကြာမီကလည်း တရုတ်ပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် ခွဲထွက်ရေးကို ဆန့်ကျင်သည့် ဥပဒေပြဋ္ဌာန်းစဉ်က မြန်မာနိုင်ငံက ထောက်ခံခဲ့သဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း။

အရေးပါ

တရုတ်နှင့်မြန်မာ ချစ်ကြည်ရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးဝါဒတွင် အရေးပါပြီး ဆွေမျိုးပေါက်ဖော်ကဲ့သို့ ချစ်ခင်ရင်းနှီးမှုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား သဘောတူခဲ့သည့် လယ်ယာစိုက်ပျိုးရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိသဖြင့် အားရကျေနပ်မိပါကြောင်း။

မိမိတို့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် တိုက်တွန်းလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန် အဆက်မပြတ် တွေ့ဆုံဆွေးနွေးရန်လိုအပ်ပါကြောင်း။

အတတ်နိုင်ဆုံးကူညီမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်စင်တာဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆက်လက်ကူညီနိုင်ရန် သဘောတူညီချက်စာချွန်များ လဲလှယ်ရန်လိုအပ်ပါကြောင်း၊ လာမည့်ကာလများတွင် မြန်မာနိုင်ငံအား အတတ်နိုင်ဆုံး ကူညီသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်းအေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းနေသည်ကို တရုတ်အစိုးရနှင့် ပြည်သူများက ထောက်ခံပါကြောင်း။

ရွေးချယ်ကျင့်သုံးပိုင်ခွင့်

နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနှင့်ကိုက်ညီသောစနစ်ကို ရွေးချယ်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု မိမိတို့ ခံယူပါကြောင်း။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ခြင်းကိုလည်း သဘောမတူပါကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်မှာလည်း မပြောင်းလဲပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ အနေဖြင့် မိမိအခက်အခဲများကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ကုလသမဂ္ဂ

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးသည် အရေးကြီးသည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက ခံယူပါကြောင်း၊ အဘက်ဘက်က ဝိုင်းဝန်းညှိနှိုင်းရန်လိုကြောင်း၊ "ဦးတည်ရာကို လျင်မြန်စွာသွားလျှင် အခက်အခဲတွေ့နိုင်မည်"ဟု တရုတ်ဆိုရိုးစကား ရှိပါကြောင်း။

ယနေ့ နှစ်ဦးနှစ်ဖက် အပြန်အလှန်အမြင်ချင်းဖလှယ်ခွင့်ရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံကိုလာရောက်ရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံကို ယခင်က လာရောက်ခဲ့ဖူးသည်ကိုလည်း မမေ့ပါကြောင်း၊ ယခုဖိတ်ကြားချက်ကို ဝမ်းသာစွာ လက်ခံပါကြောင်းနှင့် နှစ်ဖက်အဆင်ပြေသည့်အခါ လာရောက်မည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကိုကိုးကျွန်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိနယ်မြေခံတပ်သို့ သွားရောက်၍ ကိုကိုးကျွန်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကြိုဆိုနှုတ်ဆက်သည်။

စစ်ဆေးကုသ

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာထွန်းဦး၊ သမားတော်ကြီး တွဲဖက်ပါမောက္ခ(ဆေးပညာ) ဒေါက်တာချစ်စိုး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှတို့ ဦးဆောင်သော အထူးကုဆရာဝန်ကြီးကိုးဦး၊ ကျန်းမာရေးဝန်ထမ်း ခြောက်ဦးတို့သည် ဧပြီ ၂၃ ရက်တွင် ရေယာဉ်ဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ မြို့နယ်နေပြည်သူများအား သားဖွားမီးယပ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ကလေးနှင့် အထွေထွေရောဂါဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျ စမ်းသပ်၊ စစ်ဆေးကုသပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိနယ်မြေခံတပ်သို့ သွားရောက်၍ ကိုကိုးကျွန်းမြို့နယ်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် အထူးကု ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကြိုဆိုနှုတ်ဆက်စဉ်။ (ရန်ကုန်တိုင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ မြေယာသစ်ဖော်ထုတ်မှု ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဟဲဟိုးမြို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ကလောမြို့နယ် တောင်ပတ်ကျေးရွာအနီးရှိ ပြည်ပပို့ကုန် အာလူးများစိုက်ပျိုးထုတ်လုပ်မည့် ကုမ္ပဏီများ၏ မြေယာသစ်ဖော်ထုတ်နေမှုများကို ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးသည် အင်တောမြို့နယ် ကျောက်ဆုံဒေသ နှစ်ရှည်သီးနှံနှင့် ရာသီ သီးနှံစိုက်ပျိုးမည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုပြီး ပျိုးပင်များရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေး၊ ရာသီအမီ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဧပြီ ၂၃ရက် နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အစုအစိတ်ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ညောင်ရွှေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သည့် ကေလာကျေးရွာ ပြည့်ရွှေအိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာစာကြည့်တိုက်အတွက် လှူဒါန်းသည့် စာအုပ်များပေးအပ်ပြီး စာကြည့်တိုက်အတွက် ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်သည် ညောင်ရွှေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သည့် ကျေးစားကုန်းကျေးရွာ ပြည်သာယာဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဆေးပေးခန်းကို ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်းလေးဒေသ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ကျေးစားကုန်းကျေးရွာ၌ ဆေးခန်းဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ပြည်သာယာ ဆေးပေးခန်းအတွက် ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ဆရာဝန်နှင့် သူနာပြုဆရာမများအတွက် ပံ့ပိုးငွေ ကျပ်သုံးသိန်းကို လည်းကောင်း ပေးအပ်ရာ ညောင်ရွှေမြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်မိရပ်ဖများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၂၄ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အတွင်းရေးမှူးနှင့် စည်းရုံးရေးမှူးများ၊အစုအဖွဲ့ခေါင်းဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စည်းရုံးရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ မြေယာသစ်များ၌ ပြည်ပပို့ကုန် သီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြေယာသစ် ဖော်ထုတ်စိုက်ပျိုးလျက်ရှိသည့် ကုမ္ပဏီများနှင့် အသစ်ထပ်မံ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးလိုသည့် ကုမ္ပဏီသစ်များကို မြေယာသစ်များ၌ လက်ရှိစိုက်ပျိုးဖြစ်ထွန်းသည့် နှစ်ရှည်သီးနှံများနှင့် ရာသီ သီးနှံများအပြင် ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု မြင့်မားရေးကြိုးကြပ်မှု ကော်မတီဝင်များက မြေယာသစ် ရှာဖွေလိုသည့် ကုမ္ပဏီများ ဆက်သွယ်ဆောင်ရွက်ရေးနှင့် နည်းပညာများ၊ ပျိုးပင်များ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ကုမ္ပဏီများက လာမည့်နှစ် စိုက်ပျိုးရာသီတွင် လုပ်ငန်းအကောင်အထည်ဖော်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

[မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုလျက်-]

အမေနှင့် ကလေးများ

ခင်ဆွေမြင့်(မြန်မာစာ)

အမေ...

ရေနှင့်တူသော အမေ...

မြေနှင့်တူသော အမေ...

အမေ...

မကြာသေးမီက အကယ်ဒမီရသွားသော "အမေ့နို့ဖိုး"ရုပ်ရှင်ကို ကြည့်စဉ်က ကျွန်မနားထဲ စွဲဝင်ခဲ့သော စကားလုံးများ ဖြစ်ပါသည်။

အမေတစ်ယောက်၏ ဂုဏ်ရည်၊ အမေတစ်ယောက်၏ စွမ်းရည်၊ အမေတစ်ယောက်၏နေရာနှင့် တာဝန်ကို လှပသိမ်မွေ့စွာ တင်ပြသွားသော "အမေ့နို့ဖိုး"တွင် စိမ့်ဝင်ခံစားရင်း ဘဝတစ်ပါးသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်သော ကျွန်မ၏အမေကို အောက်မေ့လွမ်းဆွတ်မိပါသည်။

သတ္တဝါတို့၏ လောက၌ မိခင်မရှိသောသူဟူ၍ မရှိပါ။ သားသမီးကို မချစ်သော မိခင်မည်သည်လည်း အလွန်ရှားပါးလှပါသည်။ ယင်းသို့ပင် မိခင်ကို အားမကိုးသော သားသမီးမည်သည်လည်း မရှိပါ။ ခွေးကလေး၊ ကြောင်ကလေး၊ ငှက်ကလေး၊ ကြက်ကလေးများသည်ပင် မိခင်ကို အားကိုးတတ်ကြပါသည်။ ယင်းသို့ပင် မိမိမွေးထားသော ရင်သွေးကို အထိမခံ၊ အကြည့်ပင်မခံသော ခွေးမိခင်၊ ကြောင်မိခင်၊ ငှက်မိခင်၊ ကြက်မိခင်များကိုလည်း တွေ့ဖူးကြုံဖူးကြမည်ပင် ဖြစ်ပါသည်။

ကျိုးကြောင်းဆင်ခြင်တုံတရားရှားပါးသော အဟိတ်တိရစ္ဆာန်လောကတွင်ပင် ဤသို့ဆိုပါလျှင် လောကကို ဆင်ခြင်ဉာဏ်ဖြင့် လွှမ်းမိုးချုပ်ကိုင်နေကြသော လူသားများတွင် အမေသည် သားသမီးကို ချစ်ရုံမျှသာမက လူဖြစ်အောင်လည်း မွေးကြရပါသည်။ သားသမီးများအတွက် တာဝန်များစွာကိုလည်း ယူကြရပါသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဖြစ်လာသည့် ကလေးငယ်များ...

တိုင်းပြည်၏တာဝန်၊ လူမျိုး၏တာဝန်နှင့် မိမိတို့၏ ဘဝတာဝန်များကို နေရာအသီးသီးမှ ထမ်းဆောင်ကြရမည့် ကလေးငယ်များ...

ဤကလေးငယ်များ ကျန်းမာသန်စွမ်းရေး၊ ဉာဏ်ရည်ထက်မြက်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ဓာတ်မှန်ကန် ဖြောင့်မတ်ရေးများအတွက် "လက်ဦးဆရာ၊ မည်ထိုက်စွာသည့်၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ"သည် အရေးအကြီးဆုံး ဖြစ်ပါသည်။

ကျွန်မတို့ အမေသည် ကိုယ်ဝန်ကိုးကြိမ်ဆောင်ခဲ့ရပြီး သားသမီးရှစ်ယောက်မွေးဖွားခဲ့ပါသည်။ ကိုယ်ဝန်တစ်ကြိမ် ပျက်စီးခဲ့ပါသည်။ မိသားစုစီမံကိန်း (Family Planning)ကို မသိသေးသော ခေတ်ဖြစ်၍ ကျွန်မတို့မောင်နှမများသည် တစ်ယောက်နှင့်တစ်ယောက် တစ်နှစ်ခန့်၊ တစ်နှစ်ခွဲစီခန့်သာ ခြားကြပါသည်။ အကြီးဆုံးဖြစ်သော ကျွန်မအသက်(၁၂)နှစ်တွင် အငယ်ဆုံးညီမလေးကို မွေးပြီးဖြစ်ပါသည်။ ကျွန်မတို့ မောင်နှမများအားလုံးသည် အမေ့နို့ရည်ဖြင့် ကြီးပြင်းခဲ့ကြသူများလည်း ဖြစ်ပါသည်။ နောက်ဆုံးသုံးယောက်ကျမှသာ နို့မှုန့်ကူခဲ့ရသည်။ ဗုံလေးတွေလို စီနေသော ကလေးရှစ်ယောက်ကို မိခင်တာဝန်ကျေပွန်အောင် ထမ်းရသော ကျွန်မတို့အမေသည် အလွန်ပင်ပန်းခဲ့ပါသည်။

ကျွန်မတို့အိမ်တွင် အိမ်သား ၂၂ယောက်ရှိပါသည်။ မေမေ့၏ မိခင် ကျွန်မ၏အဘွားမှစ၍ ဒွေးတော် မိကြီးများ၊ ဦးလေးများ၊ ဝမ်းကွဲမောင်နှမများနှင့် ကျွန်မတို့ မိသားစုပါဝင်ပါသည်။ ဤအိမ်မိသားစု စားရေး သောက်ရေးအတွက် မေမေသည် သူကိုယ်တိုင်ဈေးဝယ်ပြီး သူကိုယ်တိုင် မီးဖိုချောင်ဝင်ပါသည်။ စားကောင်းသောက်ဖွယ်အမျိုးမျိုးကို မရိုးနိုင်အောင် ချက်ပြုတ်ကျွေးမွေးပြီး မိခင်ကိုပြုစုပါသည်။ ခင်ပွန်းဖြစ်သောဖေဖေ့ကိုလည်း မြတ်မြတ်နိုးနိုး ရိုရိုသေသေ လုပ်ကျွေးပါသည်။

ကျွန်မတို့ မောင်နှမများ၏ စားရေးသောက်ရေးကိုလည်း စီမံပါသည်။ ရေချိုး၊ အဝတ်လဲ၊ ကျောင်းသွား၊ စာကျက်ကိစ္စများကိုလည်း သူပဲစီစဉ်သည်။ စည်းစနစ်ရှိအောင်၊ ယဉ်ကျေးအောင်၊ လိမ္မာအောင်လည်း သွန်သင်ပါသည်။ တုတ်ကိုင်လိုက်၊ ထိပ်ခေါက်လိုက်၊ အကျိုးသင့် အကြောင်းသင့် ဆုံးမလိုက်နှင့် နည်းမျိုးစုံလည်း သုံးခဲ့သည်။ မျက်စိဒေါက်ထောက်၍လည်း ကြည့်ခဲ့သည်။ မျက်ခြည်ပြတ်မခံခဲ့သူ၊ သားသမီးများ၏ ကျောနောက်မှာ မျက်လုံးကပ်ပြီး ပါခဲ့သူ ဖြစ်သည်။

ဤမျှမိခင်တာဝန်ကို စိတ်ပါလက်ပါ ဘဝကိုပါ မြှုပ်နှံပြီး ထမ်းရွက်ခဲ့ပါသော်လည်း စတုတ္ထမြောက် သမီးဖြစ်သော၊ ကျွန်မ၏ညီမလေး ငြိမ်းသည် အသက်တစ်နှစ်နှင့် ဆယ်လအရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

ငြိမ်းကို ခဏခဏနေမကောင်းဖြစ်တတ်သော ညီမလေးဟုသာ ကျွန်မ၏စိတ်ထဲတွင် မှတ်ထားခဲ့ပါသည်။ ဆရာဝန်ဆီ မကြာခဏသွားရ၊ ဆရာဝန်ခေါ်ရသည်များကိုလည်း သတိရမိပါသည်။ တစ်ခုသော တန်ဆောင်မုန်းလနှင်းတွေဝေဝေကျပြီး အေးမြလှသော တစ်နံနက်တွင် ညီမလေး ငြိမ်း ရင်ကျပ်ရောဂါဖြင့် ဆုံးပါးခဲ့ရပါသည်။ ကျွန်မတို့ ညီအစ်မများနှင့် မေမေ့ကို အိမ်အပေါ်ထပ်မှာနေစေပြီး ဘွားဘွား၊ ဖေဖေနှင့် ရပ်ကွက်လူကြီးများက ငြိမ်းကို မြေချပေးခဲ့ကြပါသည်။ နို့စို့အရွယ်ညီမငယ်လေးကို ရင်မှာပွေ့ပြီး ငိုရှိုက်နေသော မေမေ့ကို ကျွန်မ မမေ့နိုင်ခဲ့ပါ။ သို့သော် ကျွန်မတို့ ညီအစ်မသုံးယောက်သည် ကြမ်းပြင်ပေါ် ဝမ်းလျားမှောက်ပြီး ကြမ်းပေါက်က ချောင်းကြည့်ကာ အောက်ထပ်မှာ ဘာတွေအလုပ်ရှုပ်နေကြပါလိမ့်ဟု စပ်စုပြီး ဝမ်းနည်းရမှန်းမသိ၊ ငိုရမှန်းမသိ၊ ထိတ်လန့်စိုးရိမ်ရမှန်း မသိခဲ့ကြပါချေ။

ငြိမ်းဆုံးပြီးနောက် အမေတစ်ယောက်အနေဖြင့် သမီး၏ ရင်ကျပ်ရောဂါကို သက်သာပျောက်ကင်းအောင် မစောင့်ရှောက်နိုင်ခဲ့ခြင်းအတွက် မေမေသည် သူ့ကိုယ်သူ အပြစ်တင်မဆုံး၊ ယူကျုံးမရဖြစ်မဆုံး ဖြစ်ခဲ့ပါသည်။

ဤကလေးများ၏ ကျန်းမာအသက်ရှည်ရေးအတွက်လည်း သူပူပင်သောကရောက်ပါတော့သည်။

သို့ဖြင့်-

ဆရာဝန်များ၊ သူနာပြုဆရာမများကို သူအလွန်အားကိုးပါတော့သည်။ သူသိလိုသမျှ ကျန်းမာရေးကိစ္စအဝဝကို မေးမြန်းသည်။ ဆည်းပူးသည်။ ကလေးများ၏ ကျန်းမာရေးကို စောင့်ရှောက်တတ်ဖို့ ကျောပူခေါင်းပူလောက်မှစပြီး အာဂန္တုရောဂါများကို ကုတတ်ဖို့၊ အိမ်သုံးဆေးဝါးများကို စနစ်တကျသုံးစွဲတတ်ဖို့ သူသင်ပါတော့သည်။

မေမေ့မောင်ဝမ်းကွဲတစ်ယောက် ကျွန်မတို့ မြို့ကလေးသို့ ဆရာဝန်အဖြစ်ဖြင့် ရောက်လာသောအခါတွင်မူ သူအလွန်အားရှိသွားပါသည်။ မောင်ထံမှာ တပည့်ခံပြီး မိသားစုကို စောင့်ရှောက်ကုသရေးနည်းနာများကို သင်ယူပါတော့သည်။ ဆေးပညာပေးဆောင်းပါးများ၊ ဝတ္ထုများကိုလည်း တွေ့သမျှ မလွတ်တမ်းဖတ်သည်။

ဆရာဝန်ဟူသော ပညာရှင်များသည် သူအထင်ကြီးအလေးစားဆုံးသော လူများ ဖြစ်သည်။

စာရေးဆရာ ဒေါက်တာမောင်သင်သည် သူအကြိုက်ဆုံး စာရေးဆရာ ဖြစ်သည်။

မေမေ၏ ကျန်းမာရေးဗဟုသုတဖြင့် ကျွန်မတို့မောင်နှမများအားလုံး ကျန်းကျန်းမာမာဖြင့် ကြီးပြင်းခဲ့ကြပါသည်။ ကျွန်မတို့သည် ကြိုက်ကြိုက် မကြိုက်ကြိုက် အာဟာရဖြစ်မည့်အစာဆိုလျှင် စားကိုစားကြရသည်။ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ရေအားလုံးကို မျှမျှတတကျွေးပါသည်။ အားဆေးသောက်ကြရသည်။ အရွယ်ရောက်စပြုလျှင် သံဓာတ်ပါသော ဆေးများသောက်ကြရသည်။ အချိန်တန်လျှင် ကာကွယ်ဆေးထိုးကြရသည်။ ရာသီဥတု အပြောင်းအလဲရှိတိုင်း ဝမ်းနုတ်ဆေးစားရသည်။ အနွေးထည်ဝတ်တန် ဝတ်ကြရသည်။

ငယ်စဉ်က ကျွန်မသည် မကြာခဏလည်း ဖျားတတ်သည်။ တိုက်ဖွိုက်လည်း ဖြစ်ဖူးသည်။ ထမင်းရည်ပူလည်း လောင်ဖူးသည်။ မိုးတွေ သဲသဲမဲမဲရွာတုန်း ရေမြောင်းထဲလည်း လိမ့်ကျဖူးသည်။ သူများအိမ်လက်ရန်းပေါ်မှ ကျော်ပြီး မြေကြီးပေါ်သို့လည်း ပြုတ်ကျဖူးသည်။ ဤသို့သော သမီးမျိုးကို မကျိုးမပဲ့ မပျက်မစီးအောင် စောင့်ရှောက်နိုင်ခဲ့သော အမေဖြစ်ပါသည်။

ကျွန်မတို့ မောင်နှမများတွင် မွေးကတည်းက နေမကောင်းသော မောင်လေးတစ်ယောက်လည်းရှိပါသည်။ အာရုံကြော ချွတ်ယွင်းအားနည်းသောကြောင့် စကားလည်းမပြောတတ်။ သူများပြောတာလည်း နားမလည်။ စားရ၊ သွားရ၊ ဝတ်ရမှန်းလည်းမသိ။ တပိုတပါးကိစ္စလည်း သင်၍မရ။ ငိုဖို့နှင့် ရယ်ဖို့သာ သိပါသည်။ ဤသို့သော သားကိုပင် မေမေသည် သူဆည်းပူးထားသော ကျန်းမာရေးဗဟုသုတဖြင့် ကျန်းမာသန့်ရှင်းအောင်၊ အသက်ရှည်အောင် ကြိုးစားမွေးခဲ့ပါသည်။ မောင်လေးသည် အသက်(၂၈)နှစ်ရောက်ခါမှ ဆုံးပါးခဲ့ရရှာပါသည်။

အိမ်ထောင်တစ်ခုတွင် အဖေသည် အရေးအပါဆုံးဖြစ်သည်။

အမေသည် အရင်းခံအကျဆုံးဖြစ်သည်။

အမေ၏အတွေးအခေါ်၊ အပြုအမူအပြောအဆို၊ အကျင့်အကြံများအားလုံးသည် ကလေးများ၏ဘဝကို စီမံခန့်ခွဲသွားမည်ဖြစ်ပါသည်။

ကလေးများ ကျန်းမာနေရုံမျှနှင့်မပြီး။ အမေကိုယ်တိုင် ကျန်းမာဖို့လည်း လိုသေးသည်။ အမေကျန်းမာမှ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ အမေ မကျန်းမာလျှင်၊ အမေ အသေစောလျှင် "အမိမဲ့သားရေနည်းငါး"များ ဖြစ်ကြရပါဦးမည်။ ကျွန်မတို့ အမေကမူ...

"သေခြင်းတရားကို မချုပ်ကိုင်နိုင်သော်လည်း အသက်ကို ဉာဏ်စောင့်သည်"ဟု အလွန်ပြောလေ့ရှိပါသည်။ သူ၏ကျန်းမာရေးကို အထူးဂရုစိုက်သည်။ ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါများ ဖြစ်လာသော်လည်း ဆရာဝန်နှင့် ချိန်းသည့်ရက် မပျက်ကွက်စေရ။ ညွှန်းသမျှဆေးကို တစ်ကြိမ်မပျက်သောက်သည်။ "ကလေးတွေကို စိတ်ချရပြီးမှ သေရတာက ကိုယ်လည်း ချမ်းသာ၊ ကလေးများလည်း ချမ်းသာမည်"ဟု ဆိုတတ်ပါသည်။ ဆီးချိုရောဂါကို ၄၅ နှစ်ကြာအောင် ထိန်းထားနိုင်ခဲ့သူဖြစ်ပါသည်။

မိခင်ဟူသည် ကလေးများကို ချစ်နေရုံမျှနှင့်မပြီး။ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော ကလေးများဖြစ်လာရန်၊ အနာဂတ်ဘဝများ သေချာသော ကလေးများ ဖြစ်လာရန်အတွက် ပြုစုပျိုးထောင်ပေးရမည် ဖြစ်ပါသည်။ သို့ကြောင့် ကလေးများအတွက် မိခင်၏ ချစ်ခြင်းမေတ္တာ တစ်ခုတည်းဖြင့် မပြည့်စုံ မလုံလောက်နိုင်ပါချေ။

အမေများသည် ကျန်းမာရေးအသိ၊ ပညာရေးအသိရှိရန်၊ ဗဟုသုတကြွယ်ရန် အလွန်လိုအပ်ပါသည်။ ကြားဆရာ မြင်ဆရာများထံမှ သင်ယူဆည်းပူးတတ်ရပါမည်။ သိသူ၊ တတ်သူများအား မေးတတ်၊ မြန်းတတ်ရပါမည်။ နားထောင်တတ်၊ လေ့လာတတ်၊ ဆင်ခြင်သုံးသပ်တတ်သူများ ဖြစ်ရပါမည်။

အထူးသဖြင့် ဘဝခရီးအတွက် အကောင်းဆုံးမိတ်ဆွေဖြစ်သော "စာဖတ်ခြင်း"ဖြင့် ကလေးများအတွက် မရှိမဖြစ် လိုအပ်သော၊ တန်ဖိုးမဖြတ်နိုင်သော မိခင်ဘဝကို ခံယူကြရပါမည်။

ကျွန်မတို့မောင်နှမများသည် မိခင်၏ ချစ်ခြင်းမေတ္တာ ပြည့်ဝစွာဖြင့် စာဖတ်သော အမေ၊ ပညာဆည်းပူးသော အမေ၊ ဗဟုသုတရှိသောအမေ၊ တာဝန်ယူတတ်သော အမေကို ရရှိခဲ့ကြသောကြောင့် ဖြူစင်သောကလေးဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြရပြီး လူလားမြောက်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	ကာယဗလလေ့ကျင့်နည်းစနစ်
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်တွင်းသတင်း
၇:၃၅	ပိုက်ဆက်အတတ်ပညာ
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	အိုင်အိုဒင်းနှင့်ကျန်းမာရေး
၇:၅၅	နိုင်ငံတကာသတင်း
၈:၀၀	ထင်ရှားကျော်ကြားအနုပညာပုလဲပန်းများ
၈:၃၅	ရွှေလောင်းတံတား
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ပြည်တွင်းသတင်း
၈:၅၅	ခံစားရင်းစံစားပါ
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	ကျော်ဟိန်းရဲ့ သီချင်းပြဇာတ်
၉:၅၅	နိုင်ငံတကာသတင်း
၁၀:၀၀	ဆပ်ပြာစက်ရုံ(မန္တလေး)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ကယားဝတ်စားဆင်ယင်မှုပြကွက်
၁၀:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ချီးမြှင့်

မိုလ်တထောင်မြို့နယ် အထက (၄) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၇ရက်က ကျင်းပရာ ဒသမတန်း(ခ)မှ မသန္တာအေးအားကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းက လက်မှတ်ပေးအပ်စဉ်။

(က-ပ)

ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်အတွင်းရှိ မြန်မာကန္ဒီကျောင်းတိုက်နှင့် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ကန္ဒီမြန်မာကျောင်းတိုက်များ၏ ဝိဟာရာဓိပတိဆရာတော် ဘဒ္ဒန္တသုမနသာဂရအား နိုင်ငံတော်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းရာ တပည့်ဒါယကာ၊ ဒါယိကာမများ မေ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပူဇော်ပွဲကျင်းပမည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်းတိုက်သို့ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Linear Programming II (ဒုတိယနှစ်စီးပွားစီမံ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ" (အပိုင်း-၁၆)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗွီစီဒီကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သူရဲကောင်းများထွန်းကားသည်" (အပိုင်း-၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အာရှ-အာဖရိကတိုက်ကြီးနှစ်ခု ပူးပေါင်းပြီး ဘန်ဒေါင်းအသိစိတ်ဓာတ် ဆက်လက်ရှင်သန်သွားမည်ဟု ယုံကြည် သမိုင်းဝင် ထိပ်သီးညီလာခံကြီး ကျင်းပနိုင်ရေးအတွက် ဦးဆောင်နိုင်ခြင်းကို အားရကျေနပ်

❁ ကျောဖုံးမှ

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့်အတူ Coordination Minister of Politics, Law and Security Adm (Rtd) Widodo, A.S.၊ Minister of State Secretary Prof. Dr. Yusril Ihza Manhendra၊ Cabinet Secretary Lt. Gen (Rtd) Sudhi Silalahi တို့ တက်ရောက်ကြသည်။

အတူလက်တွဲခဲ့

ထိုသို့တွေ့ဆုံရာတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည့် အချိန်ကတည်းက ရှိခဲ့ကြပါကြောင်း၊ ၁၉၅၅ခုနှစ် ပထမအကြိမ် ဘန်ဒေါင်းညီလာခံကြီး ကျင်းပစဉ်ကလည်း အတူလက်တွဲ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ယင်းအချိန်က မြန်မာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့က အာရှ-အာဖရိကဒေသနှစ်ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နောက်ဆုံး ဘန်ဒေါင်းမူကြီးများကို ချမှတ်နိုင်ခဲ့ကြကြောင်း။

ရှင်သန်တိုးတက်မည်

ထို့ကြောင့် နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ရှင်သန်တိုးတက်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ ယုံကြည်သည့်အတိုင်း မိမိတို့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆွေးနွေးရာ၌ ဤထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းအတွက်လည်းကောင်း၊ အဆွေတော်သမ္မတကြီးနှင့် တွေ့ဆုံရသည့်အတွက်ကြောင့်လည်းကောင်း ဝမ်းသာကျေးဇူးတင်ပါကြောင်း။

ဘန်ဒေါင်းအသိစိတ်ဓာတ်

ဤအရေးကြီးသည့် ညီလာခံကြီးကို လက်ခံကျင်းပနိုင်ခြင်းအတွက် ချီးကျူးလိုပါကြောင်း၊ ညီလာခံကြီးနှင့်စပ်လျဉ်း၍ စီမံထားမှုများမှာ အထူးကောင်းမွန်ပါကြောင်း၊ အာရှ-အာဖရိက တိုက်ကြီးနှစ်ခု ယခင်ကကဲ့သို့ ပူးပေါင်းဆောင်ရွက်ပြီး ဘန်ဒေါင်း အသိစိတ်ဓာတ် ဆက်လက်ရှင်သန်သွားမည်ဟု မိမိယုံကြည်ပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် သမိုင်းဝင် ဤထိပ်သီးညီလာခံကြီးကို ထပ်မံကျင်းပနိုင်ရေးအတွက် ဦးဆောင်နိုင်ခြင်း၊ အာရှနိုင်ငံများအကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်နေခြင်းများတွေ့ရ၍ အားရကျေနပ်မိပါကြောင်း၊ အဆွေတော်သမ္မတကြီးလက်ထက်တွင် ဆက်လက်တိုးတက်ပြီး ထက်ထက်မြက်မြက် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ရှိ ညှိနှိုင်းခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်ရေး

ယနေ့ ကမ္ဘာကြီးတွင် နိုင်ငံငယ်များအနေဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ သို့ပါ၍ အာရှ-အာဖရိကနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံနှင့်စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း (၅၀)ကျော်ရှိပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိသော်လည်း ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြောင့် ဖွံ့ဖြိုးမှု နှေးကွေးခဲ့ရကြောင်း၊ ကြိုးပမ်းရုန်းကန်ခဲ့ရသည်မှာ ယနေ့အထိဖြစ်ပါကြောင်း။

အထင်မှားအမြင်မှား

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အချို့က နားလည်သဘောပေါက်သော်လည်း အချို့က အထင်မှား၊ အမြင်မှားဖြစ်ခဲ့ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ဆက်စပ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုက ဆွေးနွေးပြောကြားရာတွင် အာရှ-အာဖရိက ညီလာခံအပေါ် ပြောကြားချက်များနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

စစ်မှန်သောမိတ်ဆွေ

အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ စစ်မှန်သော မိတ်ဆွေဖြစ်ပါကြောင်း၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ မကြာမီက ကျင်းပခဲ့သည့် အစည်းအဝေးများတွင်လည်း မိမိနှင့် မြန်မာဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ အဆက်မပြတ် တွေ့နေခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရန်အတွက် အထောက်အကူပြုသည့်အပြင် နှစ်နိုင်ငံခေါင်းဆောင်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသားလုံခြုံရေး အရေးကြီးသည်ကို မိမိ နားလည်သဘောပေါက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံအားပေးပါကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲမှုမျိုးကို အင်ဒိုနီးရှားနိုင်ငံ၌လည်း ဆောင်ရွက်နေပါကြောင်း။

ကမ္ဘာသိအောင်ဖော်ထုတ်

မိမိတို့အနေဖြင့် ယင်းသို့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ကို ကမ္ဘာကသိအောင် ဖော်ထုတ်ရန်လိုကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌လည်း ယခင်က အလားတူ အခက်အခဲဒုက္ခများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းနှင့်ပတ်သက်၍ မိမိအားအခြားကမ္ဘာ့ ခေါင်းဆောင်များက မေးမြန်းသည့်အခါ မိမိက မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ကို အားပေးထောက်ခံရန်လိုကြောင်း၊ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရန်လိုကြောင်းတို့ကို ပြောကြားခဲ့ကြောင်း။

မြန်မာနိုင်ငံ၏အခြေအနေကို အားလုံးသိရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးသည် အင်ဒိုနီးရှားနိုင်ငံ၏ အကျိုးဖြစ်ပြီး အာဆီယံအဖွဲ့ကြီး၏ အကျိုးလည်း ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ဆက်လက်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီး မိမိတို့တိုင်းပြည်များအား ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းတည်ဆောက်သွားရန်လိုကြောင်း။

မစွက်ဖက်သင့်

ထို့ပြင် တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက စွက်ဖက်ရန် မသင့်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ရင်းရင်းနှီးနှီး နီးကပ်စွာ ဆက်လက်ပူးပေါင်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

☆ မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိခဲ့သည်မှာ နှစ်ပေါင်း (၅၀)ကျော်ရှိပြီဖြစ်၊ လွတ်လပ်ရေး ရရှိသော်လည်း ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြောင့် ဖွံ့ဖြိုးမှု နှေးကွေးခဲ့ရ၊ ကြိုးပမ်းရုန်းကန်ခဲ့ရသည်မှာ ယနေ့အထိဖြစ်၊

☆ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အချို့က နားလည်သဘောပေါက်သော်လည်း အချို့က အထင်မှား၊ အမြင်မှားဖြစ်ခဲ့။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

❍ တစ်နိုင်ငံ၏ပြည်တွင်းရေးကိုတစ်နိုင်ငံက စွက်ဖက်ရန် မသင့်၊

❍ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်၊

❍ မိမိတို့ နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ရင်းရင်းနှီးနှီး နီးကပ်စွာ ဆက်လက်ပူးပေါင်းသွားနိုင်မည်ဟု ယုံကြည်။

အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေ

အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးတွင် တိုင်းရင်းသားလူမျိုးစုများက ၆ဝရာခိုင်နှုန်း ပါဝင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ကြိုးပမ်းနေသည်ကို သိရသဖြင့် ဝမ်းသာ

မြန်မာနိုင်ငံသားအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ဆောင်ရွက်နေသည်ကို ယုံကြည်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်အား ဧပြီ ၂၃ရက် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center **ရှိ အခန်းအမှတ်(၄)၌ တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr. Brahimi၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Razali Ismail နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

နှုတ်ဆက်စကား

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းသာပါကြောင်း၊ အဆွေတော်အနေဖြင့် ပြောကြားလိုသည်များကို ပြောကြားရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား တွေ့ဆုံရသည်မှာ ဆွေမျိုးရင်းချာနှင့် တွေ့ရသကဲ့သို့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်နှင့် ဆုံတွေ့ခိုက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားလိုပါကြောင်း။

မူဝါဒလမ်းစဉ် (၇)ရပ်

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိရာ ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပနေပါကြောင်း၊ ယင်းညီလာခံတွင် ဆွေးနွေးသဘောတူရရှိသည့် အခြေခံမူများ အပေါ်မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမှာ ဖြစ်ပါကြောင်း။

ပြည်သူ့ဆန္ဒခံယူ

အဆိုပါမူကြမ်းကို ပြည်သူ့ဆန္ဒခံယူလျက် အတည်ပြုသွားရန်ရှိပါကြောင်း၊ ယင်းနောက်လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပပြီး နိုင်ငံတော်အစိုးရ အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းမှာဖြစ်ပါကြောင်း။

၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ အမျိုးသားညီလာခံကို ပထမအကြိမ်ကျင်းပခဲ့ပါကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ပါကြောင်း။

တိုင်းရင်းသားအများစုပါဝင်

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းမှာ ဗမာဖြစ်၍ အများစုဖြစ်ပါကြောင်း၊ သို့ရာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးတွင် ဗမာက ၄၀ရာခိုင်နှုန်းသာ ပါပြီး အခြားတိုင်းရင်းသားလူမျိုးစုများက ၆ဝရာခိုင်နှုန်း ပါဝင်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်း ၁၇ခုမှ ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်လျက်ရှိပါကြောင်း၊ ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်တိုင်းအပြင် လူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခြောက်ခုကိုလည်း ပေးထားပါကြောင်း။

သဘောတူညီခဲ့

အမျိုးသားညီလာခံ ပထမအကြိမ် ကျင်းပရာတွင် ဥပဒေပြုရေးကို အသေးစိတ် အကျေအလည်ဆွေးနွေးခဲ့ပြီး ဗဟို၊ ပြည်နယ်၊ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအကြား ဥပဒေပြုရေးအစီအစဉ်များကို သဘောတူညီခဲ့ကြပါကြောင်း၊ ယင်းနောက်အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ နှစ်ရပ်ကို ဆွေးနွေးခဲ့ကြပါကြောင်း။

အမျိုးသားညီလာခံ ဒုတိယအကြိမ်ကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ မတ်လ ၃၁ရက်နေ့အထိ ကျင်းပခဲ့ပြီး အမျိုးသားညီလာခံ တတိယအကြိမ်ကို လာမည့် ပွင့်လင်းရာသီတွင် ဆက်လက်ကျင်းပရန် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ တောင်သူလယ်သမားများဖြစ်ကြသဖြင့် ယင်းတို့အလုပ်ခွင် ရပ်နားချိန်တွင် ကျင်းပရခြင်းဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသားညီလာခံ တတိယအကြိမ် ကျင်းပရာ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ခွဲဝေရန်အတွက် အခြေခံမူများ သဘောတူ ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ရန် များစွာကျန်ရှိနေသေးပါကြောင်း။

စည်းစည်းလုံးလုံး

မြန်မာနိုင်ငံ သမိုင်းကြောင်းကို အနည်းငယ် ပြောကြားလိုကြောင်း၊ ၁၉၄၈ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် သုံးလအတွင်း ပြည်တွင်း လက်နက်ကိုင် ဆန့်ကျင်မှုများ စတင်ပေါ်ပေါက်ခဲ့ရပါကြောင်း၊ နှစ်ပေါင်း ၅၀ကျော် ကြာမြင့်ခဲ့ပါကြောင်း၊ ယင်းနောက် တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာနှင့် စည်းစည်းလုံးလုံး အတူတကွ လက်တွဲနေထိုင်နိုင်ရန် အလေးထားပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများ

ယနေ့ မိမိတို့ ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပြောကြားလိုပါကြောင်း၊ ယနေ့ မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအားလုံး တိုးတက်အောင်မြင်စေရန် ကြိုးပမ်း ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော် တစ်ရပ်လုံး

☆ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည်များကို အားလပ်သည့်အခါ လာရောက်လေ့လာကြစေလို၊

☆ မိမိ အပြောမဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့လာရောက်ကြည့်ရှုစေလို၊ မိမိတို့မှာ သဘောထားတင်းမာသူများမဟုတ်၊

☆ မိမိတို့အနေဖြင့် ယခင်က မဆောင်ရွက်ခဲ့သဖြင့် ခေတ်နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတော်ကြီးကို ယခုမှစ၍ပြန်လည်ထူထောင်ပေးနေခြင်းဖြစ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

❐ အချို့ ပြည်ပနိုင်ငံနှင့် သတင်းဌာနများအနေဖြင့် ဝေဖန်ပြောကြားမှုများ၊ အထင်လွဲမှားမှုများရှိနေ၊

❐ ယင်းသို့ ပြောကြားချက်များကြောင့် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူဟု ထင်မြင်သူများရှိ၊

❐ အမှန်စင်စစ် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူမဟုတ်ဘဲ မိတ်ဆွေသာဖြစ်၊

❐ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်း ဖြစ်ပေါ်တိုးတက်ရန် ကြိုးပမ်းမှုများအတွက် ကူညီသင့်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓမ္မာဒေသနာဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကရေမွေ့ဘဏ္ဍာ ဂါရိကာ၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	သုံးဆယ်ရေလှောင်တမံ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	**Practice in Reading.**
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	**အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၃၀	၇။	အတီးပြိုင်ပွဲ
၅:၄၀	၈။	သီချင်းကြီးပဒေသာ
၅:၅၅	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၁၀	၁၀။	Discovery.
၆:၁၅	၁၁။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	တေးဂီတအစီအစဉ်
၇:၂၀	၁၅။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၃၀	၁၆။	တေးဂီတအစီအစဉ်
၇:၄၅	၁၇။	ကမ္ဘာလှစ်ပြမည့်မြန်မာ့သစ်ခွ
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲ(ပထမပိုင်း) (တတိယဆု)(ရောဝတီတိုင်း)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center အခန်းအမှတ်(၄)၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မှုမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းသုံးရပ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပထမစီမံကိန်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါကြောင်း၊ ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ကျေးလက်ဒေသရေကောင်းရေသန့်ရရှိရေး၊ စိုက်ပျိုးရေးအတွက် ရေရရှိရေး၊ ကျေးလက် စီးပွားရေး တိုးတက်မြင့်မားရေးတို့ဖြစ်ပါကြောင်း။

အထူးဒေသကြီး(၂၄)ခု

ဒုတိယစီမံကိန်းမှာ မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံသင်ခန်းစာများကိုအခြေခံပြီး နိုင်ငံအတွင်း ညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄)ခု စီမံကိန်းကို ချမှတ်ဆောင်ရွက်နေပါကြောင်း။

ပညာရေးကဏ္ဍတွင် ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၆ ခုအထိရှိလာပြီဖြစ်ပါကြောင်း၊ ပြည်သူများ အသိပညာတိုးပွားမှသာ ဒီမိုကရေစီအရေးအောင်မြင်မည် ဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး

တတိယစီမံကိန်းမှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါကြောင်း၊ ယခင်က နောက်ကျကျန်နေခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်ဖြစ်ပါကြောင်း။

နိုင်ငံတော်ကြီးတစ်ခုလုံး တောင်ပေါ်မြေပြန့် နယ်စပ်နှင့် ကျေးလက်ဒေသများပါမကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းများ ချမှတ်ပြီး ဆက်စပ်အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်ပါကြောင်း။

အပြောမဟုတ်

နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည်များကို အားလပ်သည့်အခါ လာရောက်လေ့လာကြစေလိုပါကြောင်း၊ မိမိအပြောမဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့ လာရောက်ကြည့်ရှု စေလိုပါကြောင်း၊ မိမိတို့မှာ သဘောထားတင်းမာသူများ မဟုတ်ပါကြောင်း။

မိမိတို့အနေဖြင့် ယခင်က မဆောင်ရွက်ခဲ့သဖြင့် ခေတ်နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတော်ကြီးကို ယခုမှစ၍ ပြန်လည်ထူထောင် ပေးနေခြင်း ဖြစ်ပါကြောင်း။

ဖိအားပေးမှုများ

ဤကဲ့သို့သော အချိန်အခါတွင် မိမိတို့အပေါ် ဖိအားပေးမှုများကြောင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ခက်ခဲမှုများရှိနေပါကြောင်း။

အဆွေတော် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်

ယင်းနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်က ပြန်လည် ဆွေးနွေးရာတွင် ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်နေမှုများကို ပြည့်ပြည့်စုံစုံရှင်းပြသဖြင့် ကျေးဇူးတင်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခုနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသည်မှာ ထင်ရှားပါကြောင်း၊ ဝမ်းလည်းသာပါကြောင်း။

နားလည်သဘောပေါက်

နိုင်ငံရေးပိုင်းတွင် အမျိုးသားညီလာခံ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် ကြိုးပမ်းနေသည်ကို သိရသဖြင့် ဝမ်းသာပါကြောင်း၊ နားလည်သဘောပေါက်ပါကြောင်း။

မြန်မာနိုင်ငံ ပြည်သူပြည်သားများအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ဆောင်ရွက်နေသည်ကို ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်း ချီးကျူးပါကြောင်း။

အထင်လွဲမှားမှုများရှိ

အချို့ပြည်ပနိုင်ငံနှင့် သတင်းဌာနများအနေဖြင့် ဝေဖန်ပြောကြားမှုများ၊ အထင်လွဲမှားမှုများရှိနေပါကြောင်း၊ ယင်းသို့ ပြောကြားချက်များကြောင့် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူဟုထင်မြင်သူများ ရှိပါကြောင်း။

အမှန်စင်စစ် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူမဟုတ်ဘဲ မိတ်ဆွေသာဖြစ်ပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ် တိုးတက်ရန်ကြိုးပမ်းမှုများအတွက် ကူညီသင့်ပါကြောင်း။

မိမိအား မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တစ်ချိန်ချိန်တွင် လာနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် နွေစပါးသရုပ်ပြ စမ်းသပ်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းများမှ ရဲမွန်စံပြလယ်မြေ၌ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါး ၂၂၅ ဧကကို ဧပြီ ၂၄ရက် နံနက်ပိုင်းတွင်ရိတ်သိမ်း ခြွေလှေ့စက်များ၊ အမ်သုံးလုံးကုမ္ပဏီမှ ထုတ်လုပ်သည့် ဘက်ထရီအားသုံး စပါးရိတ်စက်များ အသုံးပြု၍ သရုပ်ပြ စမ်းသပ်ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ အဆိုပါ နွေစပါး ရိတ်သိမ်းရာသို့ တပ်မမှူး ဗိုလ်မှူးချုပ် လှရွှေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ သွားရောက် ကြည့်ရှုအားပေးကြသည်။

ထို့နောက် တပ်မမှူးက တာဝန်ရှိသူများအား ရိတ်သိမ်းပြီး စပါးများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အမိုးအကာအောက်သို့ အချိန်မီ ရောက်ရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ ရိတ်သိမ်းပြီးလယ်မြေများကို မြေပြန်လည်ပြုပြင်၍ မိုးစပါးစိုက်ပျိုးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် တပ်မမှူး ဗိုလ်မှူးချုပ် လှရွှေဝင်းသည် မော်ဘီမြို့နယ် အထယုကွင်း၌ တပ်မဌာနချုပ်က မွေးမြူထားရှိသည့် ၁၂၉ ဒသမ ၃ ဧကရှိ ငါးမွေးမြူရေးစခန်းသို့ သွားရောက်၍ ငါးကန်များမှ ငါးများ ဖော်ယူဖမ်းဆီးနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား ဖော်ယူရရှိသော ငါးများကို ဒေသခံပြည်သူများနှင့် တပ်နယ်မိသားစုများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရန်နှင့် ငါးမွေးမြူရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ထားရှိရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ကို ပြန်ကြားရေး ဝန်ကြီးဌာနကကြီးကြပ်၍ အမှတ်(၅၀) ရွှေတောင်ကြားလမ်း ဇာတ်လမ်းရုပ်ရှင် အသံခန်းမ(ရုပ်ရှင်မြှင့်တင်ရေး)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများအားလုံး မပျက်မကွက် တက်ရောက် ရွေးချယ်ပေးနိုင်ရန် ဖိတ်ကြားထားသည်-

ရွေးချယ်မည့် အခြေခံအလွှာနှင့် နေ့ရက်/အချိန် အစီအစဉ်

၁။	(က)	ထုတ်လုပ်သူ အခြေခံအလွှာ	၂၉-၄-၂၀၀၅	၀၉:၀၀ နာရီ
	(ခ)	ပြဇာတ်ပညာရှင်များ အခြေခံအလွှာ	၂၉-၄-၂၀၀၅	၁၃:၀၀ နာရီ
၂။	(က)	တည်းဖြတ်၊ မှတ်တမ်း အခြေခံအလွှာ	၃၀-၄-၂၀၀၅	၀၉:၀၀ နာရီ
	(ခ)	အုပ်ချုပ်ဖြန့်ချိပြသသူများ အခြေခံအလွှာ	၃၀-၄-၂၀၀၅	၁၃:၀၀ နာရီ
၃။	(က)	ဇာတ်လမ်း၊ ဇာတ်ညွှန်း အခြေခံအလွှာ	၁-၅-၂၀၀၅	၀၉:၀၀ နာရီ
	(ခ)	စက်မှုလက်မှုအခြေခံအလွှာ	၁-၅-၂၀၀၅	၁၃:၀၀ နာရီ
၄။	(က)	ဒါရိုက်တာအခြေခံအလွှာ	၂-၅-၂၀၀၅	၀၉:၀၀ နာရီ
	(ခ)	ဗီဒီယိုအခြေခံအလွှာ	၂-၅-၂၀၀၅	၁၃:၀၀ နာရီ
၅။	(က)	ဇာတ်ပို့၊ ဇာတ်ရံ အခြေခံအလွှာ	၃-၅-၂၀၀၅	၀၉:၀၀ နာရီ
	(ခ)	အဓိကသရုပ်ဆောင် အခြေခံအလွှာ	၃-၅-၂၀၀၅	၁၃:၀၀ နာရီ

(သတင်းစဉ်)

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲနှင့် ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲနှင့် ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲများကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိသတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

စီးပွား/ကူးသန်းနိုင်

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပသော အဆင့်မြင့်တန်းပြိုင်ပွဲတွင် စီးပွား/ကူးသန်း အသင်းက မြို့တော်စည်ပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် စွမ်းအင်ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ကျင်းပသော ပထမတန်းအမှတ်ပေးဘောလုံး ပြိုင်ပွဲတွင် ကြယ်ပွင့်လေးများအသင်းက တပ်မတော်(ကြည်း)(ခ)အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ထု၊ ပေါက်နှင့် မြိုင်မြို့များရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် တွင်းမကျေးရွာအနီး တွင်းမ ရေလှောင်တမံ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၆

မကွေးတိုင်း ဆောမြို့နယ် ကျောက်ထုမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၂၃ ရက် နံနက် ၆နာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ကျောက်ထုမြို့ရှိ သန်းဦးချောက် ရေလှောင်တမံတည်ဆောက်မည့်နေရာသို့ ရောက်ရှိကြရာ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ သန်းဦးချောက်ရေလှောင်တမံ တည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ညွှန်ကြားရေးမှူးဦးတင်ဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သန်းဦးချောက်ရေလှောင်တမံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချောက်မြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသမီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆိုလာခန်းနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဝင်းသူဇာဆိုင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ထုမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကြရာ ဆိုင်တာဝန်ခံ ဒေါ်ခင်ဇော်မြင့်က ဆိုင်၌ ပစ္စည်းရောင်းချမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဝင်းသူဇာအရောင်းဆိုင်၌ ရောင်းချလျက်ရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ထုတ်လုပ်သည့် ပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီခွဲတွင် ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

အခမ်းအနားတွင်ရှေ့ဦးစွာကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်အောင်ကကျောက်ထုမြို့၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးနောင်က ဆောမြို့နယ်၏ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ထုမြို့ အထွက်၌ သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ၎င်းရှေ့၌ စိုက်ပျိုးထားသည့် မနော်ဟရီမျိုး နွေစပါးပျိုးခင်းနှင့် မင်းလယ်တောရေလွှဲဆည်မှ ဆည်ရေဖြင့် စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများနှင့် ပျိုးဥယျာဉ်၌ ပျိုးထောင်ထားသည့် သစ်ဆိမ့်နှင့် အရိပ်ရပင် ပျိုးပင်များကို စစ်ဆေးကြည့်ရှုပြီး တာဝန်ရှိသူများအား သစ်ဆိမ့်ပင်နှင့် အရိပ်ရပင်၊ စားသုံးသီးပင်များ စိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ထုမြို့ ပန်းဆန်ကျေးရွာအနီးရှိ မင်းလယ်တော ရေလွှဲဆည်သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက မင်းလယ်တောရေလွှဲဆည်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလွှဲဆည်အား ပျက်စီးမှု မရှိအောင် ပြုပြင်ထိန်းသိမ်းရေး၊ စပါး တိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပန်းဆန်ရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အပူဒဏ်ခံနိုင်သည့် သစ်ပင်များ၊ စားသုံးသီးပင်များကို မိမိတို့ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးသွားကြရန် မှာကြားသည်။

တေးရေလွှဲဆည်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ထုမြို့ တေးရွာအနီးရှိ တေးရေလွှဲဆည် ရေသွယ်လျှောက်အမှတ်(၂)သို့ ရောက်ရှိပြီး ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက်ထု-တပျဉ်-ပေါက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပခုက္ကူခရိုင် ပေါက်မြို့သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိကြရာ မြန်မာ့အထည်အလိပ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်နီနှင့် တာဝန်ရှိသူများက ပစ္စည်းရောင်းချပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ ဆိုင်အတွင်း ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံရှိ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်နှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ပေါက်မြို့နယ်နှင့် စပ်လျဉ်းသည့် နွေစပါးတိုးချဲ့စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်မှု၊ လယ်ယာမြေများဖော်ထုတ်မှု၊ ကိုယ့်အားကိုယ်ကိုးအသေးစား ရေအားလျှပ်စစ်ဓာတ်အားဖော်ထုတ်လုပ်ကိုင်မှု၊ ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပေါက်တံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ ပေါက်တံတား အမှတ်(၁)(အုန်းတော)တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ရောက်ရှိကြရာ လက်ထောက်အင်ဂျင်နီယာ ဦးသန်းမော်က အမှတ်(၁) ပေါက်တံတား (အုန်းတော) တည်ဆောက်ပြီးစီးမှု ပမာဏနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်သူကျော်က အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြသည်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ရေပြာလျှပ်စစ် မြစ်ရေတင်လုပ်ငန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးအောင်က စိုက်ပျိုးရေပေးဝေမှု၊ အဆိုပါရေဖြင့် နွေစပါးနှင့် သီးနှံများ စိုက်ပျိုးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပင်မရေမြောင်းမှတစ်ဆင့် စိုက်ပျိုးရေ ပေးဝေနေမှု၊ နွေစပါးစိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တက်မတောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-ပေါက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ တက်မတောင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်မတောင်၌ စိုက်ပျိုးထားသည့် ယူကလစ်နှင့် အရိပ်ရပင်များ ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အင်းဘတ်ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဆည်တည်ဆောက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် တွင်းမကျေးရွာအနီးရှိ တွင်းမချောင်း ရေလှောင်တမံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ညွှန်ကြားရေးမှူး ဦးတင်ဝင်းက တွင်းမချောင်း ရေလှောင်တမံ တည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ် စံချိန်စံညွှန်းနှင့် အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ပခုက္ကူခရိုင် မြိုင်မြို့သို့ ညနေ ၅နာရီတွင် ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြိုင်မြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်သို့လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးဝင်းကျော်က မြိုင်မြို့နယ်၏ နယ်မြေအခြေအနေများ၊စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်စက်ရေတွင်းတူးဖော်ပြီးစီးမှု၊ ဆက်လက်တူးဖော်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြိုင်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ည ၇နာရီတွင် ပခုက္ကူမြို့သို့ရောက်ရှိပြီး ပခုက္ကူမြို့၌ ညအိပ်ရပ်နားသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ကျောက်ထုမြို့နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စံနမူနာပြ လုပ်ဆောင်ရေးတို့အား ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဇဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်အား ကွင်းဆင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မတည်စုစည်းပံ့ပိုးကူညီမှုဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၅၀အကုန်အကျခံကာ ကျေးရွာ ၃၀တွင် သောက်သုံးရေ စက်ရေတွင်း ၃၀ဆောင်ရွက်ပြီးစီးနေမှု၊ စုစုပေါင်း ငွေကျပ်သိန်း ၁၃၅၀ဖြင့် ကျေးရွာ ၁၆ရွာအတွက် အခြေခံပညာမူလတန်းကျောင်း ၁၆ကျောင်း အသစ်ဆောက်လုပ်နေမှု၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းရစ်ကျောင်း၏ သင်ကြားမှုသင်ယူမှု အထောက်အကူပြု မာလ်တီမီဒီယာ အဆင့်(၃) တပ်ဆင်ရေးအတွက် စုစုပေါင်း ငွေကျပ်သိန်း ၄၈၀ဖြင့် ဆောင်ရွက်နေမှု၊ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားသုံးစင်းအား စုစုပေါင်း ငွေကျပ်သိန်း ၈၀၀ဖြင့် ဆောက်လုပ်ပြီးစီးနေမှု၊ ပေါက်ပင်အေးရွာမှ ရွှေလှေမောင်းမကျေးရွာထိ မြေသားလမ်း ၅၅၂၈ပေ ဖောက်လုပ်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းစီစဉ်ပေး

ရှေးဦးစွာ ဇဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက ဓမ္မာရုံသို့ရောက်ရှိ၍ ကွမ်းမိုးဒိန်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို တင်ပြလျှောက်ထားသည်။ ခရမ်းမြို့ တိလောကမဟာဝိဇယစေတီ ဘက်စုံပြန်လည် ပြုပြင်တည်ဆောက်မှုနှင့် ကျုံမရေကျေးရွာ လူကူးတံတား ပြန်လည်ပြုပြင် တည်ဆောက်ရမည့် အခြေအနေများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သော တည်ဆောက်မှုများ ပြုလုပ်နိုင်ရေး ညှိနှိုင်းစီစဉ်ပေးသည်။

ဆက်လက်၍ဇဟိုအလုပ်အမှုဆောင်သည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားကာ ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်ပြီးစီးမှု၊ သောက်သုံးရေ စက်ရေတွင်း အသစ် ၃၀တွင်း တူးဖော်ပြီးစီးမှု၊ ကျေးရွာများအတွင်း အခြေခံပညာ မူလတန်း ကျောင်း ၁၆ကျောင်း အသစ်ဆောက်လုပ်ခြင်းအတွက် ပြီးစီးမှုရာခိုင်နှုန်း၊ အခြေခံပညာ အထက်တန်းအဆင့်ကျောင်းရစ်ကျောင်းတွင်မာလ်တီမီဒီယာအဆင့်(၃) တပ်ဆင်ရေးနှင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်ရိုက်စက်အသစ် တပ်ဆင်မှုများကို တာဝန်ရှိသူအသီးသီးက တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဇဟိုအလုပ်အမှုဆောင်သည် ကရင်စုကျေးရွာသို့ ရောက်ရှိပြီး မူလတန်းလွန်ကျောင်းသစ်ဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခရမ်းမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိ၍ ဘိုးဘွားရိပ်သာအတွင်း ဘက်စုံပြုပြင်ဆောင်ရွက်ရမည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီးတည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ကျေးရွာချင်းဆက် တံတားများဖြစ်သည့် ခရမ်းချောင်းကူးဒေါ်နုတံတားနှင့် အညာစုတံတားများ မော်တော်ယာဉ်များပါ ဖြတ်သန်းနိုင်သည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း ကဝမြို့နယ်အတွင်းရှိ ရွှေလှေရေထိန်းတံခါးသို့ ရောက်ရှိ၍ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေထိန်းတံခါးများ အရှည်တည်တံ့ခိုင်မြဲရေး၊ ရေယိုစိမ့်မှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းသွားရမည့် အခြေအနေများအား ဆွေးနွေးမှာကြားသည်။ ထိုမှတစ်ဆင့် ခရမ်းမြို့နယ် ရွှေလှေကျေးရွာသို့ ရောက်ရှိပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ရွှေလှေဆရာတော်အား ဖူးမြော်ကြည်ညိုသည်။ ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများအား တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်၍ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ရွာလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

လျှပ်စစ်မီးလင်းရေး

ဆက်လက်၍ ရွှေလှေကျေးရွာ ဆေးပေးခန်းနှင့် အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီး သုံးစွဲနေမှုနှင့် ဝန်ကြီး၏ပံ့ပိုးမှုဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် ၂၀ ကေဗီအေ မီးစက်လည်ပတ်ကာ ကျေးရွာတွင် ညစဉ်မီးအသုံးပြုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပိန်းကန်ကျေးရွာသို့ ရောက်ရှိပြီး ဝန်ကြီး၏ပံ့ပိုးမှုနှင့် ရပ်ရွာလူထု၏ ထည့်ဝင်ငွေတို့ ပူးပေါင်းကာ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးနေမှုကိုလည်းကောင်း၊ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် အသစ်တပ်ဆင်သုံးစွဲ တော့မည့် ဓာတ်မှန်ခန်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များဖြည့်ဆည်းမှာကြားခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် ကျေးရွာချင်းဆက် ခရမ်းချောင်းကူး ကွန်ကရစ်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(ဓာတ်ပုံ-မွေး/ရေ)

အလှူတော်တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အာနန္ဒာဘုရားအနီး(ဆ/ခ) ရပ်ကွက် အရိယဝံသကျောင်းတိုက်၌ အလှူတော်တရားပွဲကျင်းပမည်ဖြစ်ရာ ဧပြီ ၂၉ရက်တွင် ဘိုကလေး အရှင်ပဏ္ဍိတနှင့် ဧပြီ ၃၀ရက်တွင် ဒေါက်တာအရှင်ကောဝိဒ (မန္တြီမဂုဏ်ရည်ဆရာတော်)တို့က ညစဉ်၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဟုသိရသည်။ (က-ပ)

ထိုင်းနိုင်ငံကုန်စည်ပြပွဲ-၂၀၀၅နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ H.E. Mr. Opas Chantrasab ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၄-၂၀၀၅)

မင်းဘူး၊ မကွေးနှင့် အောင်လံ

၄၂ ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ထိုင်းနိုင်ငံကုန်စည်ပြပွဲ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစီအစဉ်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးကုန်သွယ်ရေးရာဌာန၏ ထိုင်း ကုန်စည်ပြပွဲ(၂၀၀၅)ကို မေ ၄ရက်မှ မေ ၇ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန၌ ခင်းကျင်းပြသမည်ဖြစ်ရာ အဆိုပါ ထိုင်းကုန်စည်ပြပွဲ(၂၀၀၅)နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အလံပြ ဘုရားလမ်းရှိ Grand Plaza Park Royal Hotel၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ H.E. Mr. Opas Chantrasab၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အသင်းဝင် သတင်းထောက်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန စီးပွားရေးရာသံမှူး Mr. Matya-wongse Amatyakul နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် စီးပွားရေးရာသံမှူးတို့က ထိုင်းကုန်စည်ပြပွဲ(၂၀၀၅)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းစာဆရာများ၏ သိလိုသည့် မေးမြန်းချက်များကို ထိုင်းနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံနှင့် စီးပွားရေးရာသံမှူးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

မေးမြန်းနိုင်

အဆိုပါ ကုန်စည်ပြပွဲတွင် ထိုင်းအစားအစာ အများဆုံးစားသုံးနိုင်ခြင်း ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြပွဲဝင်ခွင့်လက်မှတ်ရယူလိုသော မြန်မာနိုင်ငံမှ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များသည် TTF (Yangon) Co., Ltd. အမှတ်(၉၆)ဘိုကလေးဈေးလမ်း ရန်ကုန်မြို့ ဖုန်း-၂၉၄၀၀၆၊ ၂၄၅၁၃၇၊ ၂၄၅၁၃၈နှင့် Fax ၂၄၅၀၉၂တို့သို့ ဆက်သွယ်မေးမြန်းသည်။

(သတင်းစဉ်)

အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ ဆေးဝါးများလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ ZIFAM PHARMA-CEUTICAL Co. Ltd. မှ ဆေးဝါးများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဇဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ZIFAM PHARMACEUTICAL Co. Ltd. မှ အထွေထွေမန်နေဂျာ ဒေါက်တာဒေါ်ခင်သီရိက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ Protinet အားဆေးနှင့် အကိုက်အခဲပျောက်ဆေးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဇဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက လက်ခံယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

ကျောက်ရေတွင်း ခုံးကျော်တံတား သံပေါင်ရက်မတင် အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက် ၈နာရီခွဲတွင် မြန်မာ့မီးရထားမှ တည်ဆောက်လျက်ရှိသော ကျောက်ရေတွင်း ခုံးကျော်တံတားကွန်ကရစ် သံပေါင်ရက်မဆက်သွယ်တင်မည့် အခမ်းအနားသို့ရောက်ရှိလာကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီး၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိဌာနဆိုင်ရာ အကြီးအကဲများသည် တံတားတိုင် (PIER) အမှတ်(၄)နှင့် (၅)သို့ ဆက်သွယ်တင်မည့် ကွန်ကရစ် သံပေါင်ရက်မကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်သွယ်တင်ဆောင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မင်္ဂလာအချိန်ကျရောက်သည်နှင့် ကွန်ကရစ်သံပေါင်ရက်မတင်ရန် အချက်ပေးသဖြင့် ကွန်ကရစ်သံပေါင်ရက်မကို တံတားတိုင်(PIER)အမှတ်(၄)နှင့်(၅)သို့ ဆက်သွယ်တင်ဆောင်သည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကျောက်ရေတွင်း ခုံးကျော်တံတားတည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါ ကျောက်ရေတွင်းခုံးကျော်တံတားသည် ရန်ကုန်မြို့တွင်းမှ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်များသို့ ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ အချိန်တိုအတွင်း အလွယ်တကူသွားလာနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး သတ်မှတ်ကာလထက်စော၍ ပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မြန်မာ့မီးရထားမှ တည်ဆောက်လျက်ရှိသော ကျောက်ရေတွင်း ခုံးကျော်တံတား ကွန်ကရစ် သံပေါင်ရက်မ တင်နေသည်ကို ကြည့်ရှုစဉ်။(ရထား)

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို အလှူရှင်များက နေ့စဉ်မပြတ်လှူဒါန်းလျက်ရှိ

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ် ငွေနှင့်စာအုပ်များ ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၅ခုနှစ် ဧပြီ၂၂ရက်အထိကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးသက်အောင် ဗဟန်းမြို့နယ်က ဂျာနယ်စုံ ၃၀၀၊ ဦးစိုးမြင့်–ဒေါ်စမ်းစမ်းမြင့် စမ်းချောင်းမြို့နယ်က သုတ၊ ရသစာအုပ်မျိုးစုံ ၁၃၀၊ ဦးအောင်ကျော်တင့် ပုဇွန်တောင်မြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ်စုံ ၂၆အုပ်၊ ဒေါ်လွင်လွင်မြင့် ကြည့်မြင်တိုင်မြို့နယ်က မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ် ၁၅အုပ်၊ ဦးဥက္ကာသကျားကူးခမ္မဗိမာန်ကျောင်းတိုက် ဒဂုံမြို့နယ်က သုတစာအုပ်မျိုးစုံ ၁၂၁အုပ်နှင့် ငွေကျပ် ၃၀၀၀၊ ဦးသောင်းမြင့် အင်းစိန်မြို့နယ်က ရိုးရာပုံပြင် ငါးအုပ်နှင့် ငွေကျပ် ၃၀၀၀၊ ဦးတင်ပိုင် မရမ်းကုန်းမြို့နယ်က ဂျာနယ်စုံ ၂၀၆စောင်၊ဦးစံအောင်–ဒေါ်စမ်းစမ်းမိသားစု မင်္ဂလာတောင်ညွန့်မြို့နယ်က မဂ္ဂဇင်းစာစောင်မျိုးစုံ ၃၇အုပ်နှင့် ငွေကျပ် ၂၀၀၀၊ဦးစိုးမြင့်လတ်–ဒေါ်သင်းသင်းဦး မရမ်းကုန်းမြို့နယ်က မဂ္ဂဇင်းမျိုးစုံ ၁၄၉အုပ်၊ စာရေးဆရာ ငြိမ်းအောင် ဗိုလ်တထောင်မြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၄၂အုပ်၊ ဒေါ်ခင်အေးနွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)က English for allစာစောင် ၅၁အုပ်၊ ဒေါ်တင်တင်မြင့် ကြည့်မြင်တိုင်မြို့နယ်က မဂ္ဂဇင်းစာစောင် ၃၄၁အုပ်၊ ဒေါ်နှင်းယုဇင်ထွေး ဗဟန်းမြို့နယ်က ဂျာနယ်စုံ ၁၇စောင်၊ ဦးအောင်သိန်း ဗိုလ်တထောင်မြို့နယ်က သုတ၊ ရသစာအုပ်မျိုးစုံ ၂၆၇အုပ်၊ မောင်ကောင်းစည်သူ သာကေတမြို့နယ်က အားကစားဂျာနယ် ၁၅စောင်၊ ဒေါ်ရင်ရွှေ ကျောက်တံတားမြို့နယ်က မဂ္ဂဇင်းစာစောင် ၇၉အုပ်၊ ဦးရဲမြင့်–ဒေါ်မေကြည်မြင့် ကန်တော်ကလေးက မဂ္ဂဇင်းဂျာနယ် ၂၀၂အုပ်၊ ဦးမြင့်ဦးသာ–ဒေါ်အမာကြည် ကမာရွတ်မြို့နယ်က သုတ၊ ရသစာအုပ်မျိုးစုံ ၂၈၁အုပ်၊ ဦးထွန်းအောင်ကျော် ကျောက်တံတားမြို့နယ်က ဂျာနယ်မျိုးစုံ ၈၀၊ ဦးမင်းအောင်–ဒေါ်ခင်စိုးစိုးလှိုင် ဗဟန်းမြို့နယ်က ဂျာနယ်မျိုးစုံ ၆၁၁စောင်၊ ဒေါ်ခင်သိန်းကြည် ဗဟန်းမြို့နယ်က ဘာသာရေး စာအုပ်နှင့် ဂျာနယ်မျိုးစုံ ၁၈၄အုပ်၊ ဦးညွန့်လွင် သုဝဏ္ဏက ဂျာနယ်စုံ ၁၀၈စောင်၊ ဦးမြင့်စိုး–ဒေါ်ထားကြည် ပန်းဘဲတန်းမြို့နယ်က မဂ္ဂဇင်းဂျာနယ်စုံ ၈၃အုပ်၊ ဦးတင့်ရီ–ဒေါ်တင်ဦးမြင့် လှိုင်မြို့နယ်က စွယ်စုံကျမ်း၊ မဂ္ဂဇင်း၊ ဂျာနယ် ၄၈၂အုပ်တို့ ဖြစ်ကြသည်။

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့

ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၆၃၁၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စပယ်မြိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စပယ်ချောင်ကျေးရွာအုပ်စု စပယ်ချောင် (ရွာမ) စပယ်မြိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၄ရက်တွင် မြတ်သစ္စာဓမ္မာရုံ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစံသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းနှင့် ဓမ္မာရုံအလှူရှင် ဦးသောင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် စာအုပ်အလှူရှင် ၁၀ဦးလှူဒါန်းသော စာအုပ်မျိုးစုံ ၁၀၅၃အုပ်နှင့် အလှူရှင် ၁၂ဦးလှူဒါန်းသော စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် လေးသောင်းလေးထောင်ကို အလှူရှင်များကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်ထံ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာအနုအလှ စာအုပ်ထုတ်ဝေ

ရန်ကုန် ဧပြီ ၂၆

အားကောင်းသော၊ ရှင်းလင်းပြတ်သားသော၊ နုသော၊ လှသော အင်္ဂလိပ်စာကို သတင်းခေါင်းစဉ်များ၌ တွေ့ရလေ့ရှိသည်။

နှစ်နှစ်တာကာလ အီရတ်ဖြစ်ရပ်များမှ သုတေသနပြုရွေးချယ်ကာ အင်္ဂလိပ်–မြန်မာ သတင်းခေါင်းစဉ် ၅၀၀ခန့်ကို စုစည်းထားသည်။

မောင်မောင်အေး(The New Light of Myanmar)၏ **"အနုအလှ သုတစုံ သတင်းခေါင်းစဉ်များ"** စာအုပ်ကို ရန်ကုန်မြို့ အမှတ် ၁၈၀ ဆူးလေဘုရားလမ်း မျိုးဆက်သစ်စာပေက တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ ရောင်းဈေးကျပ် ၆၀၀ ဖြစ်သည်။ **(အပေါ်ပုံ)**

(က–ပ)

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် သောင်းကျန်းသူ အဖျက်သမားများ၏လုပ်ရပ်ကြောင့် မန္တလေးဈေးချို၌ ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် သောင်းကျန်းသူအဖျက်သမားအဖွဲ့တစ်ဖွဲ့၏ လူမဆန်သော ရက်စက်ယုတ်မာသည့်လုပ်ရပ်ကြောင့် ယနေ့ညနေ ၄နာရီခန့်တွင် မန္တလေးမြို့၊ ဈေးချိုမြေညီထပ် စီရုံနှင့် ဒီရုံကြား အေးကမ္ဘာဖိနပ်ဆိုင်နှင့် Rising Sun **အထည်ဆိုင်ကြားအမှိုက်ပုံးဘေးရှိ ဆာလာအိတ်တစ်လုံးအတွင်းမှ ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။**

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံး၍ ၁၅ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူမှာ အမျိုးသမီးနှစ်ဦးဖြစ်ပြီး ဒဏ်ရာရသူမှာ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၃ဦးဖြစ်ကြောင်းသိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ သွားရောက်၍ လိုအပ်သောပံ့ပိုးကူညီမှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မည်သည့်သောင်းကျန်းသူအဖျက်သမားအဖွဲ့က လုပ်ဆောင်ခဲ့သည်ကို စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း

မီးဘေးအန္တရာယ်ကင်း

လယ်ယာထွက်ကုန်မဟုတ်သော ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်

ရန်ကုန် ဇွန် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် လယ်ယာထွက်ကုန်မဟုတ်သော ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာ အာရှပစိဖိတ်ဒေသတွင်း ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် အာရှပစိဖိတ်ဒေသအတွင်း နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ Counsellor Mr. Tang Xiaobing နှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ Economic Affairs Officer Mr. Marc Proksch တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဆွေးနွေးပွဲကို နံနက် ၉နာရီ ၄၅မိနစ်တွင် စတင်ကျင်းပရာ အာရှနှင့်ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံပေါင်း ၂၀မှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇွန် ၂၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆံတော်ကြိုစေတီ ရွှေထီးတော်သစ် တင်လှူပူဇော်

ရန်ကုန် ဇွန် ၂၆

တွံတေးမြို့နယ် ဘုရားကြီးကျေးရွာရှိ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သည့်ဆံတော်ကြိုစေတီရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကို ဇွန် ၂၄ ရက် နံနက်က ကျင်းပရာ ရွှေထီးတော်သစ် အလှူရှင် ဦးဟုတ်ကြည်၊ ဒေါ်တင်ဦး (ထွန်းလှပွဲရုံ-ဘုရင့်နောင်) မိသားစုနှင့် ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူး၊ ဟင်္သာ၊ ပန်းခိုင်တို့အား ပင့်ဆောင်၍ ဆံတော်ကြို စေတီတော် ရင်ပြင်ပေါ်၌ လက်ယာရစ် လှည့်လည် အပူဇော်ခံသည်။ **(အပေါ်ဝဲပုံ)**

တင်လှူပူဇော်

ထို့နောက် ဘုရားလေးမြိုင် မြတောင်ညိုဆရာတော် ဘဒ္ဒန္တပညာဝံသအား အမှူးထား၍ မင်္ဂလာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာက မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့ ပန်းရထားဖြင့် မင်္ဂလာအချိန်တွင် ပန်းခိုင်၊ ဟင်္သာ၊ ဆပ်သွားဖူး၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ရေစက်ချ

ယင်းနောက် ဆံတော်ကြိုစေတီ တနင်္ဂနွေထောင့်၌ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။ ဆက်လက်၍ စေတီရင်ပြင်ရှိ ဓမ္မသုခ ဓမ္မာရုံ၌ ရွှေထီးတော်သစ် တင်လှူပြီးစီးခြင်းအတွက် ရေစက်ချ အလှူမင်္ဂလာကို ကျင်းပရာ ဘုရားဖြူကျောင်းတိုက်မှ ဘဒ္ဒန္တကေသရာဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်သည်။

ဆံတော်ကြိုစေတီ ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကို ဇွန် ၂၂ရက်မှ စတင်၍ ထီးတော်ဘုံ ကိုးဆင့်ကို တင်လှူခဲ့ပြီး ဇွန် ၂၄ရက်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြခြင်း ဖြစ်သည်။

(သတင်းစဉ်)

သီတဂူဆရာတော် တရားပွဲ

ရန်ကုန် ဇွန် ၂၆

အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) ၏ တရားပွဲကို ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ဇွန် ၂၈ရက် ည ၇နာရီတွင် ကျင်းပမည်ဟု သိရသည်။ (၂၃)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်အတွင်း၌ အသစ်ဆောက်လုပ်မည့် သုံးထပ်ကျောင်းဆောင်သစ် (ယောဂီဆောင်)အတွက် အလှူငွေပေးအပ် လှူဒါန်းပွဲကို ဇွန် ၁၂ရက်က ကျင်းပရာ ဦးစီးပဓာန နာယကဘဒ္ဒန္တအာသဘထံ အလှူရှင် ဦးစန်းကြည်-ဒေါ်မူမူသန့် (ပတ်ကား ရွှေဆိုင် မိသားစု)တို့က အလှူငွေကျပ် သိန်းသုံးဆယ်ပေးအပ်လှူဒါန်းစဉ်။

(၅၀၆)

ဒို့ကျေးရွာဂျာနယ် အတွဲ(၂) အမှတ်(၉) ဖြန့်ချိ

ရန်ကုန် ဇွန် ၂၆

ယဉ်ကျေးပြီး အသိပညာရှိသော အကျင့်သီလကောင်းမွန်သော လူတော် လူကောင်းများ တိုးတက်များပြားလာစေရန် ဒို့ကျေးရွာဂျာနယ်က ကြိုးစားကူညီ ဖြည့်ဆည်းပေးလျက်ရှိရာ ယခုတစ်ပတ်ထုတ်ဝေဖြန့်ချိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ (၂) အမှတ် (၉)တွင် အစေ့ထုတ်ပြောင်း အထွက်တိုးရေး၊ နွေမိုးကို ငွေပိုရအောင် စိုက်ကြမယ်၊ စိုက်စမ်းစေချင် မက်မန်းပင်၊ ဗီတာမင် ခရမ်းချဉ်၊ ဗီတာမင် အေနှင့်အီးပြည့်စုံကြွယ်ငုံးမွေးမယ်၊ နွားငယ်ကလေးများအဖြူရောင် ဝမ်းသွားရောဂါနှင့် ကာကွယ်ရေး၊ ၂၀၀၄ ခုနှစ် ကြက်မွေးမြူရေး အက်ဖ်အေအိုဆုရရှိသူနှင့် တွေ့ဆုံခြင်း စသည့် စိုက်ပျိုး၊ မွေးမြူရေး ဆောင်းပါးများအပြင် ကဗျာ၊ ကာတွန်း၊ ဟာသ၊ ဝတ္ထုတို၊ ကုန်ဈေးနှုန်း၊မိုးလေဝသသတင်း စသည်တို့ကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀-၃၂)၊ ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊၂၅၂၄၅၂၊ ၃၇၉၇၆၈တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည့်အစီအစဉ်နှင့် စည်းကမ်းချက်များကြေညာ

ရန်ကုန် ဇွန် ၂၆

၂၀၀၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ဒီဂျစ်တယ်ပိုစတာ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၂၅ရက် နံနက် ၉နာရီနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁နာရီတို့တွင် အထက(၂) လသာ မြည်လာခန်းမ၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ရက် နံနက် ၉နာရီတွင် အထက(၂) လသာ မြည်လာခန်းမ၌လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက်၊ အသက်(၁၀)နှစ်မှ (၁၅)နှစ်အောက်၊ အသက်(၁၅)နှစ်မှ (၂၀) အောက်နှင့် အသက်(၂၀)နှစ်အထက်ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။

ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မေ ၂၂ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်သွားမည်ဖြစ်ပြီး အလယ်တန်း (၅၊ ၆၊ ၇) နှင့် အထက်တန်း (၈၊ ၉၊ ၁၀) ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

စည်းကမ်းချက်များမှာ ပြိုင်ပွဲဝင် လျှောက်လွှာပုံစံများကို မေ ၁ရက်မှ ၇ရက်အတွင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်း စုပေါင်းရုံး (မြေညီထပ်)ရှိ တကယ့်ဖြစ်ရပ်မှန် မှုခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့၌ ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို မေ ၈ရက်မှ ၁၄ရက်အတွင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ အချိန်မီ ကိုယ်တိုင်လာရောက်ပေးပို့ကြရန်၊ အသက် အထောက်အထားအတွက် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာ ကျောင်းအုပ် ဆရာကြီးများ၏ ထောက်ခံချက်ကို လည်းကောင်း၊ ကျောင်းသူ၊ ကျောင်းသား မဟုတ်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စုစာရင်း မိတ္တူ (အမျိုးသားမှတ်ပုံတင်လက်မှတ်မိတ္တူ) ကိုပါ လျှောက်လွှာနှင့် တစ်ပါတည်း ပူးတွဲတင်ကြရန်၊ ပြိုင်ပွဲဝင်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံသုံးပုံပါ တစ်ပါတည်းယူဆောင်လာရန်၊ လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့်နေ့တွင် သက်ဆိုင်ရာ ကတ်ပြားတစ်ပါတည်း ယူဆောင်လာရန်၊ ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ပုံစံအပြင် နောက်ဆက်တွဲ "က" ပါပုံစံဖြင့် ထပ်မံတင်သွင်းပြီး Floopy Disk နှစ်ချပ် ကူးယူ၍ မေ ၂၃ ရက်အရောက် လျှောက်လွှာထုတ်ပေးသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ လူကိုယ်တိုင်လာရောက်ပေးပို့ရန်၊ ပြိုင်ပွဲဝင်သူများအနေဖြင့် ပုံဆွဲစက္ကူများ ယူဆောင်လာရန်မလိုအပ်ဘဲ ကြိုက်နှစ်သက်ရာ စုတ်တံနှင့် ဆေးများ ယူဆောင်လာရန်၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်သူများအနေဖြင့် ကြိုတင်လေ့လာနိုင်ရန် တစ်ရက်ကြိုတင်၍ မေ ၂၁ ရက် နံနက် ၈ နာရီတွင် ကွန်ပျူတာ တက္ကသိုလ်သို့ လာရောက်သတင်းပို့ရန် ဖြစ်ကြောင်း စည်းကမ်းချက်များတွင် ဖော်ပြထားသည်။

(သတင်းစဉ်)

အာဆင်နယ်အသင်းက တော့တင်ဟမ်ကိုအနိုင်ရ ချယ်လ်ဆီးအသင်းနှင့် ၁၁ မှတ်ကွာပြီး ဒုတိယနေရာ၌ရှိ

လန်ဒန် ဧပြီ ၂၆

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၃၅အဖြစ် အာဆင်နယ်အသင်းနှင့် တော့တင်ဟမ်အသင်းတို့ တနင်္လာနေ့ညက ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် အာဆင်နယ်အသင်းက တော့တင်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ လန်ဒန် ဒါဘီကွင်းတွင် အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူ၍ သုံးမှတ်ရယူပေးခဲ့သူမှာ ဟိုဆေးအန်တိုနီယိုရေးယက်စ်ဖြစ်သည်။

ယခုပွဲတွင် အာဆင်နယ်အသင်း၏ အားထားရသောတိုက်စစ်မှူး အွန်နရီ ပါဝင်နိုင်ခြင်း မရှိပေ။ အွန်နရီသည် ပေါင်တွင်ဒဏ်ရာရရှိထားခြင်းကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိခြင်းဖြစ်သည်။

ဟိုက်ဘူရီကွင်းတွင် ကစားခဲ့ကြရာ၌ ပထမ ၂၂မိနစ်တွင် စပိန်တိုက်စစ်မှူး ရေးယက်စ်က ဂိုးသွင်းနိုင်ခဲ့သည်၊ ရေးယက်စ်သည် ဖာဘရီဂက်စ်ထိုးပေးလိုက်သည့် ဘောလုံးကို ပိုင်နယ်တီဧရိယာ၏ ဝဲဘက်ခြမ်းမှ ဆွဲပြေးပြီး ကန်သွင်းယူခဲ့သည်။

ပထမပိုင်းမကုန်ဆုံးမီတွင် အာဆင်နယ်အသင်းမှာ ဂိုးသွင်းခွင့် ထပ်မံရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။ ပွဲချိန် ၃၆ မိနစ်တွင် ဒက်ချ် တိုက်စစ်မှူး ရော်ဘင်ဗန်ပါဆီက ဖရီးကစ်ကန်သွင်းခွင့်ရရှိပြီး ပိုင်နယ်တီဧရိယာ၏ အလယ်ရှိ ပက်ထရစ်ဗီယာရာက ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းရန်ကြိုးပမ်းခဲ့သော်လည်း ဂိုးပေါက်နှင့် လွဲချော်သွားသည်။

အာဆင်နယ်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးသွင်းမခံရရေးအတွက် ခံစစ်လုံလုံဖြင့် ကစားခဲ့ရသည်။

အာဆင်နယ်အသင်းသည် ယခုအခါ ၇၄မှတ်ရရှိထားပြီး တန်းစီဇယားတွင် ဒုတိယနေရာ၌ရှိနေသည်။ အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့မှာ ၁၁ မှတ် ကွာခြားနေပြီး မန်ချက်စတာယူနိုက်တက်က အမှတ် ၇၀ဖြင့် တတိယနေရာတွင်ရှိနေသည်။

တနင်္ဂနွေနေ့က အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ကျင်းပခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အိမ်ရှင်မန်ချက်စတာယူနိုက်တက်အသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရိုက်တာ။



ဘောလုံးယှဉ်လု

လန်ဒန်ရှိ ဟိုက်ဘူရီကွင်းတွင် ကျင်းပသည့် ပရီမီယာလိဂ်၌ အာဆင်နယ်အသင်းမှ ဖလစ်ဆန်ဒီရို့စ် (ယာ)နှင့် တော့တင်ဟမ်အသင်းမှ ဖရက်ဒရစ်ကနူးတေးတို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံငယ်များအနေဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရသို့ပါ၍ အာရှ–အာဖရိကနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံအားပေး မြန်မာနိုင်ငံ၏အကျိုးသည် အင်ဒိုနီးရှားနိုင်ငံ၏ အကျိုးဖြစ်ပြီး အာဆီယံအဖွဲ့ကြီး၏ အကျိုးလည်းဖြစ်

အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုအား ဧပြီ ၂၃ရက် နံနက် ၁၀နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကသမ္မတနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ခုနှစ်ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံသမ္မတ မစ္စတာ တာဘို၊ အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ရှိ ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေ၊ အာနန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center အခန်းအမှတ်(၄)၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း–ဂ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး